# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၂၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၂၃၈)



**ကျောင်းအပ်နှံရေး သီတင်းပတ်**

**"နိုင်ငံ့အနာဂတ်လှပဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"**

❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိ

နေပြည်တော် မေ ၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ဂါယာလေဆိပ်သို့ရောက်ရှိကြရာ ဘီဟာပြည်နယ် အုပ်ချုပ်ရေးမှူး Lt. Gen. (Retd) Syed Ata Hasnain နှင့်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာဖြင့် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**ယနေ့ *ဖတ် စ ရာ***

## နိုင်ငံတော် ရွှေသီးစေမည့် MSME ကဏ္ဍ နိုင်ငံ့ကျောရိုးတောင့်တင်းရေး မဟာဗျူဟာ

ဆောင်းပါး | စာ ၈

## ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ(အပိုင်း-၂၈) ကမ္ဘာ့တက္ကသိုလ်များတွင် ခရက်ဒစ်စနစ် အသုံးပြုနေမှုများအကြောင်း

ဆောင်းပါး | စာ ၁၂

## ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆီ လျှောက်လှမ်းနိုင်ဖို့ သဘာဝသွင်းအားစုများ အသုံးပြုကြစို့

ဆောင်းပါး | စာ ၁၆

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၀

ယနေ့ မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေး


နေပြည်တော် မေ ၃၀

**အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Dr. Subrahmanyam Jaishankarက ယနေ့ညနေပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ ယခုကဲ့သို့ တရားဝင်ခရီးစဉ်မှ တစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမည့် အခြေအနေများ၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် ထောက်ခံမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် အခြားနှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Dr. Subrahmanyam Jaishankar လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Dr. Subrahmanyam Jaishankar အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**“ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် အခြားနှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး”**

အဆိုပါတွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Shri Abhay Thakur နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် အိန္ဒိယနိုင်ငံ ဂါယာလေဆိပ်သို့ ရောက်ရှိကြရာ ဘီဟာပြည်နယ် အုပ်ချုပ်ရေးမှူး Lt. Gen. (Retd) Syed Ata Hasnain နှင့်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဦး၊ မြန်မာစစ်သံ (ကြည်းရေလေ) ဗိုလ်မှူးချုပ် ဇော်မိုးလွင်၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာဖြင့် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ကျင်းပခြင်းတို့အပြင် အိန္ဒိယအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။ ထို့အပြင် အထင်ကရ အခြေခံအဆောက်အအုံစီမံကိန်းများကိုလည်း လေ့လာသွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံ အစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာယဉ်ကျေးမှုနယ်မြေရှိ မဟာဗောဓိစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော် ဖူးမြော်ကြည်ညိုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာယဉ်ကျေးမှုနယ်မြေရှိ မဟာဗောဓိစေတီသို့ သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၃၀**

အိန္ဒိယနိုင်ငံ၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဗုဒ္ဓဂယာယဉ်ကျေးမှုနယ်မြေ မဟာဗောဓိ မဟာဝိဟာရဘုရားကျောင်းဝင်းအတွင်းရှိ မဟာဗောဓိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာဗောဓိစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား သင်္ကန်းကပ်လှူပူဇော်စဉ်။

## သင်္ကန်းကပ်လှူပူဇော်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိ မဟာဝိဟာရ ဘုရားကျောင်းသို့ ရောက်ရှိကြပြီး မဟာဗောဓိစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သောက်တော်ရေချမ်း၊ ဆီမီး၊ ပန်းနှင့် သင်္ကန်းများ ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်သမ္မတကိုယ်စား ဆရာတော်ကြီးတစ်ပါးက ဗုဒ္ဓရုပ်ပွားတော်မြတ်အား သင်္ကန်းကပ်လှူပူဇော်သည်။

ယင်းနောက် ဗဟာဗောဓိ စေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ မဟာဗောဓိစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ဖူးမြော်ကြည်ညိုပြီး မဟာဗောဓိပင်အား ဖူးမြော်ကြည်ညို၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူအား လှူဒါန်းသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာဗောဓိ ဓမ္မရိပ်သာ မြန်မာဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်ကြီးထံ သင်္ကန်းပရိက္ခရာများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများကို ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နားနေဆောင်တွင် နိုင်ငံတော်သမ္မတက မဟာဗောဓိစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများအား မဟာဗောဓိကျောင်းဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် မဟာဗောဓိစေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

## လှည့်လည်ဖူးမြော်

ဆက်လက်၍ ဗဟာဗောဓိ မဟာဝိဟာရ ဘုရားကျောင်းအတွင်း လှည့်လည်ဖူးမြော်ကြပြီး မုစလိန္ဒအိုင်ရှိငါးများအား အာဟာရဒါနအဖြစ် အစာများကျွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် သုဇာတကျောင်းတော်သို့ ရောက်ရှိကြပြီး ကျောင်းတော်အတွင်း လှည့်လည်ဖူးမြော်၍ ကျောင်းတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နို့ဆွမ်းကပ်လှူပူဇော်၍ နိုင်ငံတော်သမ္မတက ဘုရားကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

## ငါးပါးသီလ ခံယူဆောက်တည်

ယင်းနောက် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် မဟာဗောဓိဓမ္မရိပ်သာ မြန်မာဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိကြပြီး ကျောင်းထိုင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒမုနိအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ နိုင်ငံတော်သမ္မတက ဆရာတော်ကြီးထံ သင်္ကန်းပရိက္ခရာများနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မ အလှူငွေများကို ဆက်ကပ်လှူဒါန်း၍ ဆရာတော်ကြီးက *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*
နိုင်ငံတော်သမ္မတထံ ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်ပြီး အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဂါယာအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် နယူးဒေလီမြို့သို့ ဆက်လက်ထွက်ခွာကြရာ ဘီဟာပြည်နယ် အုပ်ချုပ်ရေးမှူး Lt. Gen. (Retd) Syed Ata Hasnain၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နယူးဒေလီမြို့ Palam လေတပ်စခန်းသို့ရောက်ရှိရာ အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ Palam လေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက လိုက်လှဲနွေးထွေးစွာဖြင့် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ကြိုဆိုကြစဉ်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် နယူးဒေလီမြို့ Palam လေတပ်စခန်းသို့ ရောက်ရှိကြရာ အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး၊ Palam လေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက လေဆိပ်တွင် လိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုသို့ ကြိုဆိုနှုတ်ဆက်ရာတွင် ဂုဏ်ပြုတပ်ဖွဲ့မှလည်း လျှောက်လမ်း၏ ဘေးတစ်ဖက် တစ်ချက်စီတွင် ခြံရံ၍ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း ကရင်ပြည်နယ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် တက်ရောက်အားပေး

**ဘားအံ မေ ၃၀**

ဒေသတွင်းထုတ်ကုန်များ၏ အရည်အသွေးမြင့်မားစေရန်နှင့် ဈေးကွက်ကျယ်ပြန့်စေရန် ချိတ်ဆက်ပေးခြင်းကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ကရင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကို ယနေ့ နံနက် ၈ နာရီတွင် ဘားအံမြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့မဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကို၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများက MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပါဝင်အားဖြည့်ကူညီပေးကြသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ လုပ်ငန်းရှင် ၄၂ ဦး၏ စားသောက်ကုန်၊ အိမ်ဆောက်ပစ္စည်း၊ စက်ပစ္စည်း၊ မြေသြဇာ၊ အဝတ်အထည်၊ လူသုံးကုန်၊ ကျောက်မျက်ရတနာ၊ ရော်ဘာထုတ်ကုန်ပစ္စည်း ဆိုင်ခန်းပေါင်း ၄၀ ကျော်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီနှင့် ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လူငယ်ရေးရာ ကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ ပြည်ထောင်စုဝန်ကြီးက လူငယ်များအတွက် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းကာ လူငယ်ခေါင်းဆောင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုအားပေး



**စစ်တွေ မေ ၃၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ သန့်ရှင်းသာယာလှပရေး ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက အမှိုက်များကို သတ်မှတ်နေရာများသို့ ပို့ဆောင်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယမန်နေ့ ညပိုင်းကလည်း သူနာပြုသိပ္ပံ(စစ်တွေ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွင့်ချိန်အမီ လိုအပ်သည်များကို ပြင်ဆင်နိုင်ရေးမှာကြားကာ သူနာပြုသိပ္ပံ(စစ်တွေ) ကျောင်းစာကြည့်တိုက်၊ သရုပ်ပြခန်း၊ ကွန်ပျူတာခန်း၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၃၀**

ဇွန် ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့၌ မိုးပိုလာမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **မိုး/ဇလ**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် မေ ၃၀**

အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ယနေ့ ညနေပိုင်းတွင် အိန္ဒိယနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံ အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဦးနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မိုးလွင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတက သံရုံးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ဦးစွာ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ မိမိအနေဖြင့် ယခုလာရောက်ခဲ့သည့် ခရီးစဉ်သည် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်ပနိုင်ငံသို့ ပထမဆုံးသွားရောက်သည့် ခရီးစဉ်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ရှေးယခင်ကတည်းက ကောင်းမွန်သည့် ဆက်ဆံရေးများရှိခဲ့ကာ သမိုင်းကြောင်းအရလည်း တူညီမှုများရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်ခဲ့ရကြောင်း၊ သို့သော် တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်ဒီမိုကရေစီအစိုးရသက်တမ်းကာလနှစ်ခုတွင်လည်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့ပြီး ထိုက်သင့်သလောက် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့်တိုင်းရင်းသားများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ဖော်ပြထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီဒုတိယအစိုးရ သက်တမ်းကာလတွင် စီမံခန့်ခွဲမှုအားနည်းချက်များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် တိုင်းပြည်အနေဖြင့် အနုတ်လက္ခဏာဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲထပ်မံကျင်းပချိန်တွင် ၎င်းတို့ပါတီထောက်ခံမဲမရရှိမည်ကို စိုးရိမ်သဖြင့် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး မသမာမှုများဖြစ်အောင် လုပ်ဆောင်ခဲ့ကြကြောင်း။

ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးချိန်တွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည်ကို အခြားပါတီများမှ မိမိထံလာရောက်ပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ထိုအချိန်က နိုင်ငံတော်တာဝန်ယူထားသည့် အစိုးရတာဝန်ရှိသူများထံ အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း ဖြေရှင်းပေးမှုမရှိဘဲ လွှတ်တော်ကိုခေါ်ယူ၍ နိုင်ငံတော်အာဏာကို ရယူရန် လုပ်ဆောင်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ပနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံအပေါ် ပိတ်ဆို့မှုများဆောင်ရွက်ခဲ့ကြပြီး မိမိတို့အနေဖြင့် အခက်အခဲများကြားမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ရကြောင်း။

### အရွေးချယ်ခံအစိုးရအဖွဲ့ နိုင်ငံတော်တာဝန်များထမ်းဆောင်

မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး အဘက်ဘက်မှစဉ်းစားဆောင်ရွက်ခဲ့ပြီး ယခုအခါ ရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများမှ ရွေးချယ်သည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် ယခုအခါလွှတ်တော်ကျင်းပ၍ အရွေးချယ်ခံအစိုးရအဖွဲ့မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်း။

ယခုအခါ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ပြည်သူများ၏ ဆန္ဒနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပင်ဖြစ်ကြောင်း၊ ယနေ့အချိန်အခါနှင့် ကိုက်ညီသည့် ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်အတွက်လည်း ဆွေးနွေးဆောင်ရွက်ပြီး လွှတ်တော်၏သဘောတူညီချက်ဖြင့် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့သော် တိုင်းပြည်အတွက် ထိခိုက်မည့်ကိစ္စရပ်များကိုလည်း ကာကွယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### နိုင်ငံတော်၏ ပညာရည်မြင့်မားရေး ဦးစားပေးဆောင်ရွက်လျက်ရှိ

မိမိတို့နိုင်ငံ၏ ပညာရေးတွင် အားနည်းချက်များရှိနေကြောင်း၊ ထိုသို့ ပညာရေးအားနည်းမှုများကြောင့် အသိပညာ၊ အတတ်ပညာများ အားနည်းပြီး တစ်ဦးချင်း၏ ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နိုင်မှု အားနည်းနေသည်ကိုတွေ့ရကြောင်း၊ အချို့ပြည်ပနိုင်ငံများမှ အဖွဲ့အစည်းများအနေဖြင့် အဆိုပါပညာရေးအားနည်းမှုကို အသုံးချ၍ မိမိတို့နိုင်ငံအပေါ် ၎င်းတို့လိုချင်သည့် ပုံစံဖြစ်စေရေး သွေးထိုးလှုံ့ဆော်မှုများကို လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏ ပညာရည်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ခေတ်အဆက်ဆက်တွင် အားနည်းချက်များရှိခဲ့သည်ကို မှတ်တမ်းများအရသိရှိနိုင်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ အားနည်းခဲ့ပြီး ပြည်တွင်းသယံဇာတများကို ထုတ်ယူသုံးစွဲခြင်းများဖြင့် နိုင်ငံ့စီးပွားရေးကို ဆောင်ရွက်ခဲ့သည်ကိုတွေ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို တာဝန်ယူဆောင်ရွက်မည့် ငါးနှစ်တာကာလအတွင်း ပညာရေး၊ စီးပွားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### တိုင်းပြည်အတွက် စွမ်းဆောင်နိုင်သူများဖြစ်ရန်မျှော်လင့်

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံတွင် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် သံရုံး၊ စစ်သံရုံးမိသားစုများအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြည်ပနိုင်ငံတွင်ရောက်ရှိနေချိန်အတွင်း ရရှိသည့်အားလပ်ချိန်များတွင် အင်္ဂလိပ်စာနှင့် ကွန်ပျူတာနည်းပညာပိုင်းဆိုင်ရာများကို တစ်ဦးချင်း လေ့လာဆောင်ရွက်သွားကြရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် စွမ်းဆောင်နိုင်သူများဖြစ်ရန် မျှော်လင့်ကြောင်း။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များကို တတ်နိုင်သည့်ဘက်မှ အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကဲ့သို့ပြည်ပတွင်နေထိုင်ရချိန်ကာလအတွင်း နိုင်ငံ့ဝန်ထမ်းများဖြစ်ကြပြီး နိုင်ငံအတွက် ဆောင်ရွက်နေသည့်စိတ်ဖြင့် စည်းစည်းလုံးလုံး နေထိုင်သွားကြစေလိုကြောင်း၊ အိန္ဒိယနိုင်ငံသည် ပူပြင်းသည့် ရာသီဥတုသို့ရောက်ရှိနေပြီဖြစ်သဖြင့် တစ်ဦးချင်း၏ ကျန်းမာရေးကို ဂရုစိုက်ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် ပညာတော်သင် သင်တန်းသားများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး မိသားစုများက တည်ခင်းဧည့်ခံသည့် ညစာအား မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဟိုပုံးတပ်နယ်၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ နည်းပြများနှင့် သင်တန်းသားများအား တွေ့ဆုံပြီး နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဟိုပုံးတပ်နယ်၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံကျောင်းရှိ နည်းပြများနှင့်သင်တန်းသားများအား အဆိုပါကျောင်း သင်တန်းခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

ဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ဌာနချုပ်ရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ်ကြီးက လေ့ကျင့်သင်ကြားရေးဆိုင်ရာ ဆောင်ရွက်နေမှုများ၊ သင်ထောက်ကူ ပစ္စည်းများအား အဆင့်မြှင့်တင် လေ့ကျင့်သင်ကြားပေးနေမှုများနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သင်တန်းသားများအတွက် သင်ယူလျက်ရှိသည့် ဘာသာရပ်များနှင့် ပတ်သက်၍ လေ့လာဆည်းပူးနိုင်မည့် စာအုပ်၊ စာစောင်များအား စာကြည့်တိုက်များတွင် ထားရှိပေးရန်နှင့် အခြားလိုအပ်သည်များကို မှာကြားကာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**စဉ်ဆက်မပြတ်လေ့လာ**

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် သင်တန်းကျောင်းရှိ ဘုရင့်နောင်ခန်းမတွင် နည်းပြအရာရှိများ၊ သင်တန်းသားများအား သွားရောက်တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် တပ်မတော်အတွက် လိုအပ်သော လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနေသည့် သင်တန်းကျောင်းများစွာရှိသည့်အနက်ယခု သင်တန်းကျောင်းသည် ခေတ်မီတပ်မတော် တည်ဆောက်ရန်အတွက် လိုအပ်သော တပ်မတော်သား နည်းပညာရှင်များအား လေ့ကျင့်မွေးထုတ်ပေးနေသည့် သင်တန်းကျောင်းများထဲတွင် ပါဝင်သည့်အတွက် အလွန်ပင်အရေးကြီးကြောင်း၊ သင်တန်းနည်းပြများအနေဖြင့်လည်း ယခုကဲ့သို့ အရေးကြီးသည့် သင်တန်းသားများကို သင်ကြားလေ့ကျင့်ပေးနေရသဖြင့် နည်းပြများမှာ အလွန်တာဝန်ကြီးကြောင်း၊ ထို့ကြောင့် သင်တန်းနည်းပြများအနေဖြင့် မိမိတို့သင်ကြားပေးရသည့် ပညာရပ်များအား ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားလေ့ကျင့် ပေးနိုင်ရန်အတွက် သက်ဆိုင်ရာနယ်ပယ်များအလိုက် အမြဲလေ့လာဆည်းပူးနေရန်လိုကြောင်း၊ သင်ကြားပေးနေသည့် ပညာရပ်များကိုလည်း လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်အောင် စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် သင်ကြားပေးရန်လိုကြောင်း၊ ထို့ပြင် ခေတ်မီစက်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုခြင်းများကို လေ့ကျင့်သင်ကြားပေးရသည့်အတွက် နည်းပြများအနေဖြင့်လည်း ဝမ်းစာပြည့်ဝနေရန် လိုကြောင်း၊ မိမိထက် ထူးချွန်ထက်မြက်သည့် တပည့်များဖြစ်အောင် သင်ကြားပေးရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် အရေးကြီးသည့် လူသားအရင်းမြစ်များကို သင်ကြားမွေးထုတ်ပေးရသည် ဖြစ်သည့်အတွက် အလေးထားသင်ကြားပေးရန်လိုကြောင်း၊ သင်ကြားသည့်အခါတွင်လည်း သင်တန်းသားများ နားလည်တတ်မြောက်လွယ်အောင် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ တပ်မတော်အတွက် အမှန်တကယ် အားထားရသည့် နည်းပညာနှင့် ပတ်သက်သည့် တပ်မတော်သား ပညာသည်များကို မွေးထုတ်ပေးရခြင်းဖြစ်သည့်အတွက် ဖြစ်ပေါ်ပြောင်းလဲနေသည့် ခေတ်မီနည်းပညာများကို စဉ်ဆက်မပြတ် လေ့လာနေကြရန်လိုကြောင်း။

**ကြိုးစားလေ့ကျင့်သင်ယူ**

ခေတ်မီတပ်မတော် တည်ဆောက်ရာတွင် နည်းပညာကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်အရေးပါလာကြောင်း၊ ထို့ကြောင့် သင်တန်းနည်းပြများက သက်ဆိုင်ရာ နယ်ပယ်အလိုက် စဉ်ဆက်မပြတ်လေ့လာနေသကဲ့သို့ သင်တန်းသားများအနေဖြင့်လည်း လိုအပ်သည့် နည်းပညာများအား အကျိုးရှိစွာ အသုံးပြုနိုင်စေရန် သင်ယူထားသည့် ဘာသာရပ်များကို အမှန်တကယ်ကျွမ်းကျင် တတ်မြောက်အောင် ကြိုးစားလေ့ကျင့်သင်ယူကြရန်လိုကြောင်း။

မိမိတို့ တပ်မတော်အနေဖြင့် ခေတ်နှင့်လျော်ညီသည့် တိုးတက်ပြောင်းလဲလာသော စစ်နည်းဗျူဟာများ၊ စစ်အတတ်ပညာများ၊ စစ်လက်နက်ပစ္စည်းများနှင့် နည်းပညာများအား ပြောင်းလဲကျင့်သုံးရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ သင်တန်းသားများအနေဖြင့် ပြောင်းလဲတိုးတက်လာသောနည်းပညာများအားစဉ်ဆက်မပြတ်လေ့လာ၍ မိမိတို့သင်ကြားလေ့လာထားသည့် ဘာသာရပ်နယ်ပယ်အလိုက် Professional ကျကျ တတ်မြောက်သည်အထိ ကြိုးစားလုပ်ဆောင်ကြရန် လိုကြောင်း၊ အားလပ်ချိန်များတွင် ပညာရပ်ဆိုင်ရာ စာပေများကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ သင်တန်းသားများအားလုံး စစ်အတတ်ပညာနှင့် လုပ်ငန်းအတတ်ပညာများတွင် အရည်အချင်းပြည့်မီသူများ ဖြစ်ရန်လိုကြောင်း၊ မိမိတတ်ကျွမ်းသည့် အတတ်ပညာများကို အပြည့်အဝအသုံးချခြင်းဖြင့် စွမ်းအားရှိသည့် တပ်မတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်သားများသည် တပ်မတော်အတွင်း ဝင်ရောက်အမှုထမ်းဆောင်ကြရာတွင် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါဘဲ မိမိတို့၏ ဆန္ဒအလျောက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တပ်မတော်က ချမှတ်ထားသည့် စည်းကမ်းများအတိုင်း လိုက်နာကျင့်သုံး၍ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ပါက တစ်ဦးချင်းစီ၏ ရည်မှန်းချက်များ တိုးတက်အောင်မြင်လာမည် ဖြစ်ကြောင်း၊ မိမိတို့ဘဝကိုထိခိုက်ပျက်စီးစေနိုင်သည့် မူးယစ်သောက်စားမှုများနှင့်အပျော်အပါး လောင်းကစားမှုများကိုရှောင်ကြဉ်ရန်လိုကြောင်း။

**မှန်မှန်ကန်ကန်အသုံးချ**

သင်တန်းသားများအနေဖြင့် နိုင်ငံတော်နှင့်တပ်မတော်အတွက် လိုအပ်နေသော နည်းပညာရှင်ကောင်းများ၊ နိုင်ငံ့သားကောင်းများဖြစ်ရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရန်လိုကြောင်း၊ သင်တန်းဆင်းပြီးနောက် သက်ဆိုင်ရာ တပ်ရင်း/တပ်ဖွဲ့များ၌ ရောက်ရှိတာဝန်ထမ်းဆောင်ချိန်တွင်လည်း သင်ကြားပေးလိုက်သည့် ပညာရပ်များအား မှန်မှန်ကန်ကန်အသုံးချပြီး ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန် လိုကြောင်းနှင့် တာဝန်ထမ်းဆောင်ကြရာတွင်လည်း မိမိ၏ကျောင်းဂုဏ်သိက္ခာ၊ တပ်မတော်၏ ဂုဏ်သိက္ခာကို စောင့်ထိန်းရန်နှင့် ဥပဒေမဲ့လုပ်ရပ်များ မလုပ်မိစေရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် နည်းပြများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်များ၊ အင်ဂျင်နီယာ သင်တန်းသား အိပ်ဆောင်များ၊ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ အိပ်ဆောင်ခင်းကျင်းထားရှိမှုများနှင့် သင်တန်းသားစားရိပ်သာများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ စားရိပ်သာများတွင် ချက်ပြုတ်ကျွေးမွေးရန် ပြင်ဆင်ထားရှိမှု၊ ထမင်းချက်ခန်း၊ ရိက္ခာစတို၊ အသားငါးနှင့် ဟင်းသီးဟင်းရွက်စတိုများအား ကြည့်ရှုစစ်ဆေးပြီး ချက်ပြုတ်ကျွေးမွေးရာတွင် ကျန်းမာရေးနှင့် သင့်လျော်ပြီး သတ်မှတ်နှုန်းထားများအတိုင်း စနစ်တကျ ချက်ပြုတ်ကျွေးမွေးရန်၊ သားငါးနှင့် ဟင်းသီးဟင်းရွက်များအား သန့်ရှင်းလတ်ဆတ်စွာ ထားရှိရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် တပ်နယ်အတွင်း တပ်ရင်း/ တပ်ဖွဲ့များရှိ နေအိမ်လိုင်းခန်းများနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိသော ရာသီသီးနှံစိုက်ခင်းများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဟိုပုံးတပ်နယ်၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းရှိ နည်းပြများနှင့်သင်တန်းသားများအား အမှာစကားပြောကြားစဉ်။

◆ **ခေတ်မီတပ်မတော် တည်ဆောက်ရာတွင် နည်းပညာကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်အရေးပါလာ၊ ထို့ကြောင့် သင်တန်းနည်းပြများက သက်ဆိုင်ရာ နယ်ပယ်အလိုက်စဉ်ဆက်မပြတ်လေ့လာနေသကဲ့သို့သင်တန်းသားများအနေဖြင့်လည်း လိုအပ်သည့် နည်းပညာများအား အကျိုးရှိစွာ အသုံးပြုနိုင်စေရန် သင်ယူထားသည့် ဘာသာရပ်များကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားလေ့ကျင့်သင်ယူ...**

# နိုင်ငံတော် ရွှေသီးစေမည့် MSME ကဏ္ဍ နိုင်ငံ့ကျောရိုးတောင့်တင်းရေး မဟာဗျူဟာ

ဇော်သုတ

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် MSME (Micro, Small and Medium Enterprises) ခေါ် "အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ" သည် သာမန် စီးပွားရေးလုပ်ငန်းငယ်လေးများ မဟုတ်ပါ။

ယင်းတို့သည် နိုင်ငံ့စီးပွားရေး အဆောက်အအုံတစ်ခုလုံး ယိုင်လဲမသွားအောင် ကြံ့ကြံ့ခံ ထိန်းကျောင်းပေးထားသည့် **"အဓိကကျောရိုး"** နှင့် နိုင်ငံတော်ကို အသက်သွေးကြောသစ်လောင်းပေးနေသည့် **"စီးပွားရေးအင်ဂျင်"**ပင် ဖြစ်ပါသည်။ "MSME" ဆိုသည်မှာ အရင်းအနှီးအနည်းငယ်ဖြင့် အိပ်မက်ကြီးကြီးကို လက်တွေ့အကောင်အထည်ဖော်နိုင်သည့် ကဏ္ဍဖြစ်သည်။ တစ်နေ့တွင် တိုင်းပြည်၏ ရွှေသီးကို သီးပွင့်စေမည့် အင်အားစု ဖြစ်ပါသည်။

လမ်းဘေးရှိ ဖျော်ရည်ဆိုင်လေးများမှ စတင်၍ အနံ့မွှေးပျံ့သော ကော်ဖီနှင့်လက်ဖက်ရည်ဆိုင်များ၊ ထို့အပြင် အရည်အသွေးမြင့် ပြည်တွင်းဖြစ်ပစ္စည်းများ ထုတ်လုပ်နေသော အသေးစားစက်မှုကုန်ထုတ်စက်ရုံများအထိ - ဤကဏ္ဍတစ်ရပ်လုံးက သာမန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မဟုတ်တော့ပါ။ ယင်းတို့သည် မိသားစုတစ်စုချင်းစီ၏ ထမင်းဝိုင်းကို အားဖြည့်ပေးသကဲ့သို့ ဒေသန္တရစီးပွားရေးကို အသက်သွင်းပေးပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝတိုးတက်မှုကို အရှိန်အဟုန်ဖြင့် မောင်းနှင်ပေးနိုင်သော အခြေခံအင်အားစုကြီးများ ဖြစ်လာပါသည်။

ထို့ကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကြီးပမ်းမှု၊ ဖန်တီးနိုင်မှုနှင့် ဖွဲလုံ့လတို့ကို ဝိုင်းဝန်းအားပေး မြှင့်တင်နိုင်မည်ဆိုပါက ပြည်တွင်းစီးပွားရေးအင်အားသည် ပိုမိုခိုင်မာလာမည်ဖြစ်ပြီး ပြည်သူတို့၏ လူနေမှုဘဝသည်လည်း ပိုမိုသာယာဝပြောသော အနာဂတ်ဆီသို့ မုချဧကန် ဦးတည်သွားမည်ဖြစ်သည်။

"MSME" ၏ အခန်းကဏ္ဍကို **"လူမှုအကျိုးပြု ရှုထောင့်"** မှနေ၍ အောက်ပါအတိုင်း အပိုင်းငါးပိုင်းဖြင့် ဆန်းစစ်တင်ပြအပ်ပါသည်-

**၁။ လူမှုအကျိုးပြု ရှုထောင့်မှ MSME ၏ အရေးပါမှု**

နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကို တိုင်းတာရာတွင်ကောင်းကင်ယံသို့ထိုးထွက်နေသည့်အဆောက်အအုံကြီးများ၊ ခေတ်မီကားကြီးများနှင့် ခိုင်ခံ့သောလမ်းတံတားများ ရှိရုံမျှဖြင့် လူနေမှုဘဝ ပြည့်စုံသည်ဟု မဆိုနိုင်ပါ။ အဆိုပါ ရုပ်ဝတ္ထုပစ္စည်းများသည် နိုင်ငံ၏ပြင်ပအရောင်အဝါဖြစ်သော်လည်း MSME ခေါ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည်မူ နိုင်ငံ၏ **"အသက်၊ သွေးခဲ"** နှင့် **"နှလုံးခုန်သံ"**ပင် ဖြစ်သည်။

လမ်းဘေးမှ လက်ဖက်ရည်ဆိုင်လေးများ၊ ကားပြင်ဆိုင်ငယ်လေးများ၊ ရပ်ကွက်တွင်းမှ ကုန်စုံဆိုင်များနှင့် ဈေးသည်များ မရှိပါက မြို့ပြနှင့် ကျေးလက်၏ နေ့စဉ်လူနေမှုဘဝ အခြေခံအုတ်မြစ်မှာ ချက်ချင်းပင် ပြိုလဲသွားမည်ဖြစ်သည်။ ဤလုပ်ငန်းငယ်လေးများသည် လူ့အဖွဲ့အစည်းအတွက် အစားထိုးမရနိုင်သော ကဏ္ဍများတွင် အကျိုးပြုနေပါသည် -

**(က) အလုပ်အကိုင်အခွင့်အလမ်း ထုထည်ကြီးမားခြင်း။** နိုင်ငံတကာစာရင်းဇယားများအရ MSME များသည် ကမ္ဘာတစ်ဝန်းရှိ အလုပ်အကိုင် ၇၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ဖန်တီးပေးနေခြင်း ဖြစ်သည်။ စက်ရုံကြီးတစ်ခုသည် အလုပ်သမား ၅၀၀ သာ ခန့်ထားနိုင်သော်လည်း MSME လုပ်ငန်းငယ် ၅၀၀ သည် လုပ်သားပေါင်း ထောင်နှင့်ချီ၍ အလုပ်ပေးနိုင်စွမ်းရှိသဖြင့် လူငယ်များ၊ ပညာတတ်များနှင့် ကျေးလက်နေပြည်သူများအတွက် အဓိက အသက်မွေးဝမ်းကျောင်း လမ်းကြောင်း ဖြစ်လာသည်။

**(ခ) စီးပွားရေး ကြံ့ကြံ့ခံနိုင်ရည်ရှိမှု။** နိုင်ငံခြားကုမ္ပဏီကြီးများက စီးပွားရေး မကောင်းလျှင်သို့မဟုတ် အကျပ်အတည်းဖြစ်လျှင် ရင်းနှီးမြှုပ်နှံမှုများကို ရုပ်သိမ်း၍ ထွက်သွားနိုင်သော်လည်း ဒေသခံ MSME များမှာမူ မည်သည့် အခြေအနေမျိုးတွင်မဆို မိမိတို့ဒေသတွင် ဆက်လက်ရပ်တည်၍ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် **"ပေါင်းကူးတံတား"** များအဖြစ် တည်ရှိနေမည် ဖြစ်သည်။

**(ဂ) ဝင်ငွေညီမျှမှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်း။** MSME များသည် ငွေကြေးအင်အား အနည်းငယ်သာရှိသူများကိုပင် စီးပွားရေးလုပ်ငန်းရှင် ဖြစ်လာစေရန် အခွင့်အလမ်းပေးသည်။ ဤသည်မှာ ဓနအင်အားကို လူနည်းစုလက်ထဲ၌သာ စုပုံမနေစေဘဲ ပြည်သူများထံသို့ ဖြန့်ကြက်ပေးခြင်းဖြင့် လူမှုဘဝအဆင့်အတန်းကို တစ်ပြေးညီ မြင့်မားလာစေသည့် အထိရောက်ဆုံး နည်းလမ်းတစ်ခု ဖြစ်သည်။

❖ MSME (**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ**) **သည် တိုင်းပြည်၏ စီးပွားရေးအင်ဂျင်ကြီးကို လည်ပတ်ပေးနေသည့် ပင်မစွမ်းအားစုများသာမက လူမှုရေးတည်ငြိမ်မှုနှင့် ပြည်သူတို့၏ တစ်ဦးချင်းစီသော ဘဝလုံခြုံမှုကို ပေးစွမ်းနိုင်သည့် ခိုင်မာသော အခြေခံအုတ်မြစ်များဖြစ်**

❖ **"နိုင်ငံတော် ရွှေသီးဖို့၊ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟူသော မွန်မြတ်သည့် ရည်မှန်းချက် အောင်မြင်ရန်မှာ အစိုးရ၏ အတိုးနှုန်းချိုသာသော ချေးငွေများ၊ နည်းပညာပံ့ပိုးမှုများနှင့် ဥပဒေရေးရာ ဖြေလျှော့မှုများအပြင် ပြည်သူတစ်ရပ်လုံး၏ ပြည်တွင်းဖြစ်ကို အားပေးလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်မှုတို့ အထူးပင်လိုအပ်**

**(ဃ) ဆန်းသစ်တီထွင်မှု၏ အစပြုရာ။** ယနေ့ကမ္ဘာကျော် Google နှင့် Apple တို့ကဲ့သို့ ကုမ္ပဏီကြီးများသည်ပင် တစ်ချိန်က ဂိုဒေါင်ငယ်လေးများအတွင်းမှ စတင်ခဲ့သည့် MSME လုပ်ငန်းလေးများ ဖြစ်ကြသည်။ MSME များသည် ဈေးကွက်လိုအပ်ချက်ကို မြန်မြန် သိမြင်နိုင်ပြီး နည်းပညာနှင့် ဝန်ဆောင်မှုအသစ်များကို ရဲရဲတင်းတင်း စမ်းသပ်နိုင်စွမ်းရှိသဖြင့် နိုင်ငံအတွက် ဆန်းသစ်တီထွင်မှုများပေါ်ထွက်လာရာ ရင်းမြစ်များ ဖြစ်သည်။

**၂။ ဒေသတွင်းနိုင်ငံများ၏ အတွေ့အကြုံနှင့် မြန်မာ့သင်ခန်းစာ**

အရှေ့တောင်အာရှအိမ်နီးချင်းနိုင်ငံများသည် MSME ကဏ္ဍကို နိုင်ငံ့စီးပွားရေး၏ မောင်းနှင်အားအဖြစ် အသုံးပြုကာ နိုင်ငံ့စီးပွားနှင့် သာမန်လူတန်းစားများ၏ ဘဝကို အံ့မခန်း ပြောင်းလဲနိုင်ခဲ့ကြသည်။ ယင်းတို့၏ အောင်မြင်မှုဇာတ်လမ်းများသည် မြန်မာ့ MSME များအတွက် တန်ဖိုးရှိသော သင်ခန်းစာများ ဖြစ်လာပါသည်။

ဒေသတွင်း နိုင်ငံများ၏ အောင်မြင်မှုနောက်ကွယ်တွင် အစိုးရ၏ ပံ့ပိုးမှု၊ ဒစ်ဂျစ်တယ် နည်းပညာကို အသုံးပြုမှုနှင့် ဒေသထွက်ကုန်ကြမ်းကို တန်ဖိုးမြှင့် ထုတ်လုပ်မှုတို့ ရှိနေပါသည်။ မြန်မာ့ MSME များ အနေဖြင့် မိမိတို့၏ အားသာချက်ဖြစ်သော စိုက်ပျိုးရေးနှင့် ရိုးရာလက်မှုပညာကို နည်းပညာနှင့် ပေါင်းစပ်နိုင်လျှင် ဒေသတွင်းနိုင်ငံများနည်းတူ ထိပ်တန်းသို့ ရောက်ရှိနိုင်မည်မှာ မလွဲကေန်ပင် ဖြစ်ပါသည်။

**(က) ထိုင်းနိုင်ငံ၏ OTOP။** ထိုင်းနိုင်ငံသည် "ကျေးရွာတစ်ရွာ ထွက်ကုန်တစ်မျိုး" (OneTambon One Product) စီမံကိန်းဖြင့် ကမ္ဘာကျော်ခဲ့သည်။ ၎င်းတို့၏ အဓိက သော့ချက်မှာ **Branding (အမှတ်တံဆိပ်)နှင့် Packaging (ထုပ်ပိုးမှု)** ဖြစ်သည်။ သာမန်ရွာထွက် လက်မှုပစ္စည်းများကိုပင် ခေတ်မီဒီဇိုင်းများဖြင့် အဆင့်မြှင့်တင်ကာ ကမ္ဘာ့လေဆိပ်ကြီးများရှိ Duty-Free ဆိုင်များအထိ တင်ပို့နိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း လက်ဖက်၊ ကော်ဖီ၊ ထန်းလျက်၊ ရှမ်းခေါက်ဆွဲ၊ ဆားမုန့်၊ မလိုင်မုန့်၊ ဝိုင်မျိုးစုံ၊ သနပ်ခါး၊ ငါးပိ၊ ငါးခြောက် စသည့် ရိုးရာစားသောက်ကုန်များကို သေသပ်လှပသော ထုပ်ပိုးမှုများဖြင့် နိုင်ငံတကာအဆင့်မီအောင်လုပ်ဆောင်ရန် အရေးကြီးပါသည်။

**(ခ) ဗီယက်နမ်၏ တန်ဖိုးမြှင့်နည်းဗျူဟာ။** ဗီယက်နမ်သည် ကမ္ဘာ့ဒုတိယအများဆုံး ကော်ဖီတင်ပို့သည့် နိုင်ငံဖြစ်သော်လည်း ကော်ဖီစေ့ကို ကုန်ကြမ်းအနေဖြင့် တင်ပို့ရောင်းချခြင်းမပြုဘဲ MSME များမှ တစ်ဆင့် အသင့်ဖျော် ကော်ဖီထုပ်များ၊ ကော်ဖီအခြေခံအလှကုန်ပစ္စည်းများအဖြစ် ပြုပြင်ထုတ်လုပ်ခဲ့သည်။

**(ဂ) အင်ဒိုနီးရှား၏ Digitalization (Go Digital) အောင်မြင်မှု။** အင်ဒိုနီးရှားသည် ၎င်းတို့၏ MSME များကို အွန်လိုင်းဈေးကွက်သို့ ရောက်ရှိရန် **"Go Digital"** လှုပ်ရှားမှုကို အားတက်သရော ဆောင်ရွက်ခဲ့သည်။ ရလဒ်အနေဖြင့် ကျေးလက်တောရွာမှ မိရိုးဖလာ "ဘာတစ်" (Batik) အထည်လုပ်ငန်းရှင်များသည် ဂျကာတာမြို့ကြီးသို့ သွားစရာမလိုဘဲ အွန်လိုင်းမှတစ်ဆင့် ကမ္ဘာတစ်ဝန်းသို့ ရောင်းချနိုင်ခဲ့ကြသည်။

**(ဃ) ဖိလစ်ပိုင်၏ Kapatid Mentor ME (KMME) စီမံကိန်း။** ဖိလစ်ပိုင်နိုင်ငံတွင် အောင်မြင်ပြီးသားလုပ်ငန်းရှင်ကြီးများက လုပ်ငန်းသစ် စတင်မည့် MSME များကို လမ်းပြပေးသည့် (Mentorship) စနစ်ကို ကျင့်သုံးသည်။ ဤစနစ်ကြောင့် လုပ်ငန်းရှင်ငယ်များမှာ ငွေကြေးစီမံခန့်ခွဲမှုနှင့် ဈေးကွက်ရှာဖွေမှု အခက်အခဲများကို လွယ်ကူစွာ ကျော်လွှားနိုင်ခဲ့ကြသည်။

**(င) ကမ္ဘောဒီးယားနှင့် လာအို၏ ကျေးလက်ခရီးသွား (Agro-Tourism) MSME။** ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့သည် စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းကို ပေါင်းစပ်ကာ MSME ပုံစံသစ်များ ဖော်ဆောင်ခဲ့သည်။ ဥပမာ- လာအိုရှိ ကော်ဖီစိုက်ခင်းများတွင် ခရီးသွားများကို ကိုယ်တိုင်ခူးဆွတ်စေခြင်း၊ အပန်းဖြေစေခြင်းဖြင့် ဒေသထွက်ကုန်များကို ဈေးကောင်းရရှိစေခဲ့သည်။

**၃။ "နိုင်ငံတော် ရွှေသီးဖို့၊ ကုန်ထုတ်လုပ်မှုအားပေးစို့" - လက်တွေ့ကျသော မဟာဗျူဟာ**

ဤဆောင်ပုဒ်၏ အနှစ်သာရမှာ ပြည်တွင်း၌ အခြေခံကုန်ထုတ်လုပ်မှုများ ခိုင်မာလာစေရန် အားပေးခြင်းဖြင့် ပြည်ပမှ ကုန်ချောတင်သွင်းမှုကို လျှော့ချပြီး နိုင်ငံခြားငွေယိုစိမ့်မှုကို ထိန်းချုပ်ကာ ပြည်တွင်းစီးပွားရေး အင်အားကောင်းလာစေရန် ဖြစ်သည်။

**(က) သွင်းကုန်အစားထိုးခြင်းနှင့် ဈေးကွက်ဝေစု။** နေ့စဉ်လူသုံးကုန်များဖြစ်သည့် ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ အချိုရည်နှင့် မုန့်ပဲသရေစာများကို ပြည်ပမှ တင်သွင်းနေရခြင်းက နိုင်ငံခြားငွေ အမြောက်အမြားကို ဆုံးရှုံးစေပါသည်။ MSME များက အဆိုပါ ပစ္စည်းများကို အရည်အသွေးမီထုတ်လုပ်နိုင်ပါက ပြည်တွင်း၌ ငွေကြေးလည်ပတ်မှု ပိုမိုမြန်ဆန်လာမည် ဖြစ်သည်။

**(ခ) ကျေးရွာအဆင့် စက်မှုဇုန်ငယ်များနှင့် တန်ဖိုးမြှင့်ကွင်းဆက်။** ကျေးရွာများတွင် လယ်ယာထွက်ကုန်များကို မူလအတိုင်း မရောင်းချဘဲ အခြောက်ခံစက်၊ ကြိတ်ခွဲစက်၊ ထုပ်ပိုးစက်များ ပါဝင်သော "စိုက်ပျိုးရေးဆိုင်ရာ စက်မှုဝန်ဆောင်မှုစင်တာ" များ တည်ထောင်ပေးခြင်းသည် "ရွှေသီး" ရန် လမ်းခင်းပေးခြင်းပင် ဖြစ်သည်။

မြန်မာ့ MSME များ၏ အောင်မြင်မှုသော့ချက်မှာ မိမိဒေသတွင် အပေါများဆုံးရှိသော ကုန်ကြမ်းကို ရွေးချယ်ခြင်းပင်ဖြစ်သည်။ နိုင်ငံတော်မှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးခြင်း၊ ပြပွဲများ ကျင်းပပေးခြင်းနှင့် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခြင်းတို့သည် ဤ 'ရွှေသီး' များ လျင်မြန်စွာ ဖြစ်ထွန်းလာစေရန် အားပေးသည့် အပြုသဘောဆောင်သော လမ်းညွှန်မှုများဖြစ်ပါကြောင်း ဆန်းစစ်တင်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏ ဒေသအသီးသီးတွင် မိမိတို့၏ အားသာချက်ကို အသုံးချကာ အောင်မြင်နေကြသော MSME သာဓကများစွာ ရှိပါသည်။

- **မန္တလေးတိုင်းဒေသကြီးမှ "ဝါ" နှင့် အထည်အလိပ်လုပ်ငန်း။** ယခင်က ဝါကို ကုန်ကြမ်းအတိုင်းသာ ရောင်းချခဲ့သော်လည်း ယခုအခါ MSME လုပ်ငန်းရှင်များက ဝါမှ ဂွမ်း၊ ဂွမ်းမှ ချည်၊ ချည်မှ ချည်ထည်များအထိ ကွင်းဆက်အလိုက် ပြုပြင် ထုတ်လုပ်လာကြသည်။ နိုင်ငံတော်အကြီးအကဲ၏ တိုက်တွန်းချက်အရ ဝါကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်းသည် သွင်းကုန်အစားထိုးခြင်း၏ ပြယုဂ်တစ်ခုဖြစ်သည်။
- **ရှမ်းပြည်နယ်မှ "ရိုးရာအစားအစာ"ကို ခေတ်မီစက်မှုနှင့် ပေါင်းစပ်ခြင်း။** ရှမ်းခေါက်ဆွဲနှင့် ရှမ်းရိုးရာမုန့်များကို ယခင်က လက်မှုပုံစံဖြင့်သာ ရောင်းချခဲ့သော်လည်း ယခုအခါ ကျန်းမာရေးနှင့်ညီညွတ်စွာ တာရှည်ခံအောင် ထုပ်ပိုးပြီး ပြည်ပအထိ တင်ပို့နိုင်သော MSME များ ပေါ်ထွက်လာသည်။ ဤသည်မှာ "ရိုးရာကို ခေတ်မီခြင်းနှင့် ပေါင်းစပ်" လျှင် ရွှေသီးသကဲ့သို့ တန်ဖိုးတက်လာနိုင်ကြောင်း ပြသနေသည်။
- **ညောင်ဦးနှင့် အညာဒေသမှ "ဆီး" ထုတ်ကုန်များ။** သာမန်ဆီးသီးကို ကုန်ကြမ်းအတိုင်း မရောင်းဘဲ ဆီးဖျော်ရည်၊ ဆီးယို၊ ဆီးပေါင်း စသည်ဖြင့် အမျိုးမျိုးပြုပြင်ထုတ်လုပ်ခြင်းဖြင့် ဒေသခံအမျိုးသမီးများအတွက် အလုပ်အကိုင် အမြောက်အမြား ဖန်တီးပေးနိုင်ခဲ့သည်။ ဤလုပ်ငန်းလေးများသည် အရင်းအနှီးနည်းသော်လည်း ဒေသတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ကြီးမားသော အင်အား ဖြစ်စေသည်။

*စာမျက်နှာ ၉ သို့*

## နားမကြားသောကလေးများကျောင်းမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်)နှင့် နားမကြားသောကလေးများကျောင်း (မန္တလေး) တို့တွင်၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ အကြားအာရုံ ချို့ယွင်းအားနည်းသူ ဖြစ်ရမည်။
၂။ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်း ရှိသူဖြစ်ရမည်။
၃။ အကြားအာရုံ ချို့ယွင်းအားနည်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
၄။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူ ဖြစ်ရမည်။
၅။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၆။ ကျား/မ ၊ လူမျိုးနှင့် ကိုးကွယ်ရာ ဘာသာမရွေး လျှောက်ထားနိုင်သည်။
၇။ ကျောင်းအပ်နှံပါက မိဘ(သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄)ပုံ ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ (၂) ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်းထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်
၆။ အကြားအာရုံချို့ယွင်းမှုတိုင်းတာစစ်ဆေးပြီးသည့် နားကြားနှုန်း( Audiograph dB) စာရွက်စာတမ်း

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း ၊ အမှတ်-၃၄ ၊ F, G၊ အိုးစု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ နားမကြားသော ကလေးများကျောင်း၊ အကွက်-၈၅၈၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တက်ရောက်ခွင့်ရရှိပါက သွားလာရေးခက်ခဲသောဒေသများမှ နားမကြားကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်းနံပါတ် ၀၆၇- ၄၀၄၂၅၂၊ နားမကြားသောကလေးများကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁- ၉၅၄၈၈၇၂၊ ၀၉ - ၂၅၀၀၇၇၂၆၈ နှင့် နားမကြားသောကလေးများကျောင်း(မန္တလေး) ဖုန်းနံပါတ် ၀၉ - ၄၀၂၆၆၂၆၈၉၊ ၀၉-၄၅၉၇၆၀၅၁၆ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **လူမှုဝန်ထမ်းဦးစီးဌာန**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ◆ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ◆ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ◆ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ◆ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ◆ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ◆ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ◆ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ◆ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ◆ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ◆ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

*စာမျက်နှာ ၈ မှ*

- **ဧရာဝတီတိုင်းဒေသကြီးမှ “တန်ဖိုးမြှင့် ငါး၊ ပုစွန်”လုပ်ငန်းများ။** ငါးပိ၊ ငါးခြောက်ကို သာမန်အထုပ်ဖြင့် မရောင်းဘဲ အရသာအစုံပါဝင်သည့် “အသင့်စား ငါးပိချက်ဘူး”များအဖြစ် ထုတ်လုပ်လာကြသည်။ ဤသို့ ပြုပြင်ပြောင်းလဲခြင်းကြောင့် ပြည်တွင်း လေဆိပ်များနှင့် စူပါမားကတ်ကြီးများတွင် မြန်မာ့ထုတ်ကုန်အဖြစ် ဂုဏ်ယူစွာ နေရာယူလာနိုင်ခဲ့သည်။

**၄။ ခေတ်ပညာတတ်လူငယ်နှင့် တောင်သူကြီးများ၏ “တပေါင်းတစည်းတည်း” အင်အား**

မြန်မာ့စီးပွားရေး အနာဂတ်အတွက် အထိရောက်ဆုံးသော မဟာဗျူဟာမှာ ပညာတတ်ကျွမ်းကျင်လုပ်သား လူငယ်တို့၏ **“ခေတ်မီနည်းပညာ”**နှင့် မိရိုးဖလာ တောင်သူ ဘိုးဘွားတို့၏ **“နှစ်ပေါင်းများစွာ ဆည်းပူးခဲ့သော အတွေ့အကြုံ”**တို့ကို တပေါင်းတစည်းတည်းဖြစ်အောင် ပေါင်းစပ်ပေးရန်ပင် ဖြစ်သည်။ ဤပေါင်းစပ်မှုသည် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးနိုင်မည့် “အင်ဂျင်သစ်” တစ်ခု ဖြစ်လာပါလိမ့်မည်။

ပညာရေးဝန်ကြီးဌာန၏ TVET ကဏ္ဍမြှင့်တင်မှုသည် ကုန်ထုတ်လုပ်မှုကို အားပေးရုံသာမက နိုင်ငံအတွက် လိုအပ်သည့် “အသိပညာအဆောက်အအုံ”ကို တောင့်တင်းစေသည်။ ထို့ကြောင့် အဆိုပါ ကျောင်းများသို့ လူငယ်များ ပိုမိုဝင်ရောက်လာစေရန်နှင့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို MSME လုပ်ငန်းရှင်များက အကျိုးရှိရှိအသုံးချနိုင်ရန်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်သောသော့ချက်ပင် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**(က) စိုက်ပျိုးရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာရေး။** လူငယ်များ၏ စိတ်ထဲတွင် စိုက်ပျိုးရေးဆိုသည်မှာ ရွှံ့ညွန်ထဲ၌ ပင်ပင်ပန်းပန်းလုပ်ကိုင်ရသည့် အလုပ်ဟူသော အမြင်ဟောင်းကို ဖယ်ရှားပြီး ဒစ်ဂျစ်တယ်ကိရိယာ(Digital Tools) များ၊ အလိုအလျောက်စနစ်များဖြင့် ကမ္ဘာ့ဈေးကွက်သို့ တိုက်ရိုက်ချိတ်ဆက်နိုင်သော **“Agripreneur”**ခေါ် စိုက်ပျိုးရေးဆန်းသစ်တီထွင်သူများ ဖြစ်လာစေရန် စိတ်ဓာတ်မြင်ကွင်း ပြောင်းလဲပေးရမည်ဖြစ်သည်။

**(ခ) MSME ကဏ္ဍအတွက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနေမှု။** MSME လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် စာတွေ့သာမက လက်တွေ့ကျွမ်းကျင်သည့် Technicians(ကျွမ်းကျင်လုပ်သားများ)သည် ပင်မအသက်သွေးကြောဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ အောက်ပါအဖွဲ့အစည်းများမှတစ်ဆင့် လူသားအရင်းအမြစ်များကို စနစ်တကျမွေးထုတ်ပေးလျက်ရှိသည် -

- **စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများ။** လက်ရှိတွင် နိုင်ငံတစ်ဝန်းရှိ ခရိုင်အသီးသီးတွင် စက်မှုအတတ်ပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေး အတတ်ပညာသင်တန်းများကို တွဲဖက်သင်ကြားပေးနေသည့် ကျောင်းပေါင်း ၈၉ ကျောင်းကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်ခဲ့ပါသည်။ ဤကျောင်းများသည် အခြေခံအဆင့်မှစတင်၍ MSME လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်နိုင်မည့် လူငယ်များကို ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်သည်။
- **GTI (စက်မှုလက်မှုသိပ္ပံ) နှင့် GTHS (စက်မှုလက်မှုအထက်တန်းကျောင်း)။** MSME စက်ရုံများအတွက် လိုအပ်သည့် စက်ပြင်၊ လျှပ်စစ်နှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို အဓိကမွေးထုတ်ပေးနေသော အရင်းအမြစ်များဖြစ်သည်။
- **စိုက်ပျိုးရေးနှင့် မွေးမြူရေး သိပ္ပံကျောင်းများ။** စိုက်ပျိုးရေးကို အခြေခံသည့် MSME များအတွက် လိုအပ်သည့် သီးနှံကာကွယ်ရေး၊ မြေဩဇာစပ်နည်းနှင့် တိရစ္ဆာန်ဆေးကုသရေးဆိုင်ရာ ကျွမ်းကျင်သူများကို မွေးထုတ်ပေးနေသည်။

**(ဂ) ပညာရေးအဖွဲ့အစည်းများ၏ ရှေ့ဆောင်အခန်းကဏ္ဍနှင့် ဆွေးနွေးချက်**

အဆိုပါ TVET (Technical and Vocational Education and Training) အဖွဲ့ အစည်းများသည် MSME ကဏ္ဍအတွက် “ကျွမ်းကျင်မှုဗဟိုချက်”များ ဖြစ်လာကြသည်။

- **လက်တွေ့အသုံးချပညာ။** ဤကျောင်းများမှ ထွက်ရှိလာသော လူငယ်များက သာမန်ဘွဲ့ရများထက် လုပ်ငန်းခွင်၌ ချက်ချင်းအသုံးတည့်သည့် ထုတ်လုပ်မှုစွမ်းအားကို ပေးစွမ်းနိုင်သည်။
- **ဒစ်ဂျစ်တယ်တံတား။** ကျောင်းများတွင် သင်ကြားပေးလိုက်သည့် ဒစ်ဂျစ်တယ် နည်းပညာများကြောင့် ကျေးလက်မှ တန်ဖိုးမြှင့်ထုတ်ကုန်များကို အွန်လိုင်းဈေးကွက်နှင့် ချိတ်ဆက်ပေးနိုင်မည့် တံတားတစ်စင်း ဖြစ်လာစေသည်။
- **စဉ်ဆက်မပြတ်လေ့လာမှု။** “ဖတ်လျှင် အမြင်ကျယ်၊ မှတ်လျှင် ပညာမြင့်” ဆိုသည့်စကားအတိုင်း ဤအဖွဲ့အစည်းများသည် လူငယ်များကို ဘဝတစ်သက်တာ လေ့လာသင်ယူလိုစိတ်ရှိသော စွန့်ဦးတီထွင်သူများဖြစ်အောင် လေ့ကျင့်ပေးနေခြင်းဖြစ်သည်။

**၅။ စုပေါင်းအားဖြင့် တည်ဆောက်မည့် နိုင်ငံတော်နှင့် MSME တို့၏ အနာဂတ်**

အနှစ်ချုပ်ဆိုရသော် MSME (အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ)သည် တိုင်းပြည်၏ စီးပွားရေးအင်ဂျင်ကြီးကို လည်ပတ်ပေးနေသည့် ပင်မစွမ်းအားစုများသာမက လူမှုရေးတည်ငြိမ်မှုနှင့် ပြည်သူတို့၏ တစ်ဦးချင်းစီသော ဘဝလုံခြုံမှုကို ပေးစွမ်းနိုင်သည့် ခိုင်မာသော အခြေခံအုတ်မြစ်များ ဖြစ်ကြသည်။ နိုင်ငံတစ်နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုသည် စက်ရုံကြီးများအပေါ်တွင်သာ မူတည်နေသည်မဟုတ်ဘဲ မိမိတို့၏ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်တင်ကာ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်မည့် MSME လုပ်ငန်းရှင်များ၏ စွန့်ဦးတီထွင်နိုင်မှုအပေါ်တွင်လည်း များစွာတည်မှီနေပါသည်။

“နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့” ဟူသော မွန်မြတ်သည့် ရည်မှန်းချက် အောင်မြင်ရန်မှာ အစိုးရ၏ အတိုးနှုန်းချိုသာသော ချေးငွေများ၊ နည်းပညာပံ့ပိုးမှုများနှင့် ဥပဒေရေးရာ ဖြေလျှော့မှုများအပြင် ပြည်သူတစ်ရပ်လုံး၏ ပြည်တွင်းဖြစ်ကို အားပေးလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်မှုတို့ အထူးပင် လိုအပ်လှပါသည်။

မိမိတို့၏ အားသာချက်ဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံကာ ခေတ်ပညာတတ်လူငယ်တို့၏ နည်းပညာနှင့် တောင်သူဘိုးဘွားတို့၏ အတွေ့အကြုံ များကို ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့် MSME များကို စုပေါင်းအားဖြင့် ဝိုင်းဝန်းမြှင့်တင်ကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဤသို့သော စုပေါင်းညီညွတ်မှု၊ မျှော်မှန်းချက်တူညီမှုနှင့် အားထုတ်ကြိုးပမ်းမှုတို့ ပေါင်းစည်းလာသောအခါ မြန်မာ့စီးပွားရေးသည် မဝေးတော့သည့် အနာဂတ်တွင် ပိုမိုခိုင်မာတိုးတက်၍ ခမ်းနားထည်ဝါသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ အရှိန်အဟုန်ဖြင့် ရောက်ရှိလာမည်ဖြစ်ပါသည်။ ထိုတိုးတက်မှု၏ အသီးအပွင့်များကို ပြည်သူလူထုတစ်ရပ်လုံး မျှဝေခံစားနိုင်ပြီး လူမှုဘဝအေးချမ်းသာယာမှုနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးတို့လည်း ပိုမိုခိုင်မာတောက်ပလာမည် ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်များကို ပြည်သူအားလုံး၏ စုပေါင်းစိတ်ဓာတ်၊ တာဝန်ယူမှုနှင့် အနာဂတ်အပေါ် ယုံကြည်မှုတို့ဖြင့် လက်တွဲအကောင်အထည်ဖော်နိုင်ပါက သာယာဝပြောပြီး ဂုဏ်သိက္ခာမြင့်မားသော နိုင်ငံတော်ကြီးဆီသို့ မုချကေန်ရောက်ရှိနိုင်မည်ဟု အပြည့်အဝယုံကြည်မျှော်လင့်အပ်ပါသည်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင် တောင်ငူခရိုင်အတွင်း မြန်မာအီလက်ထရောနစ်မဲပေးစက်များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

**တောင်ငူ မေ ၃၀**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်သည် တာဝန်ရှိသူများနှင့်အတူ မေ ၂၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း ၂၀၂၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မြန်မာအီလက် ထရောနစ်မဲပေးစက်များ စနစ်တကျထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ငူခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ တောင်ငူ ခရိုင်အတွင်းရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ တောင်ငူ မြို့နယ်၊ ရေတာရှည်မြို့နယ်၊ ထန်းတပင်မြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ဖြူးမြို့နယ်နှင့် ကျောက်ကြီး မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများက ခရိုင်နှင့် မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကဏ္ဍအလိုက် ရှင်းလင်း တင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ကိုကို
(တောင်ငူ)





# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း ကော်မရှင်ရုံးခွဲ(မော်လမြိုင်)ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၃၀**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင် ရုံးခွဲ (မော်လမြိုင်) ရှိအစည်းအဝေး ခန်းမ၌ ကော်မရှင်ရုံးခွဲမှ ဝန်ထမ်း များနှင့်တွေ့ဆုံရာ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးက ရုံးခွဲ စတင်ဖွင့်လှစ်ခဲ့မှု၊ ရုံးအဆောက် အအုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခဲ့မှု၊ ဝန်ထမ်းဖွဲ့စည်း ပုံနှင့်ဝန်ထမ်းခန့်ထားမှု၊ အသိ ပညာပေးရေး၊ စုံစမ်းစစ်ဆေးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း ၍ ကော်မရှင်ဥက္ကဋ္ဌက အဂတိ လိုက်စားမှုကြောင့် ဖြစ်ပေါ်လာ မည့် ဆိုးကျိုးများကို အသိတရား ရရှိအောင် အသိပညာပေးလုပ်ငန်း များကို အကြိမ်ကြိမ်ဆောင်ရွက် ခြင်းကြောင့် အကောင်းဆုံးအဖြေ တစ်ခု ဖြစ်လာနိုင်ကြောင်း၊ ဝန်ထမ်း များအနေဖြင့် ပေးအပ်လာ သည့် တာဝန်များကို ကျေပွန် စွာ ထမ်းဆောင်နိုင်ရန်အတွက် ဝန်ထမ်းတစ်ဦးချင်း အနေဖြင့် အရည်အချင်း၊ ဝမ်းစာပြည့်ဝနေ အောင် အမြဲတမ်းဖြည့်ဆည်းထား ရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ က ရုံးခွဲရှိ ဝန်ထမ်းများနှင့် မိသားစု များအတွက် ဆန်၊ စားသုံးဆီနှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ် ရာ ရုံးခွဲတာဝန်ခံနှင့် မိသားစုများ က လက်ခံရယူပြီး ရုံးခွဲအဆောက် အအုံအတွင်း ဝန်ထမ်းများ၏ လုပ်ငန်းတာဝန် ထမ်းဆောင်နေမှု နှင့် ကော်မရှင်ရုံးခွဲ ဝန်ထမ်းအိမ်ရာ များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# လှိုင်ကော်မြို့နယ် လောပိတစံပြကျေးရွာ၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**လှိုင်ကော် မေ ၃၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကယားပြည်နယ် ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများသည် ယနေ့ နံနက် ၈ နာရီတွင် လှိုင်ကော်မြို့နယ် မထောခူကျေးရွာအုပ်စု လောပိတစံပြကျေးရွာရှိ စိန်တလုံးကျောင်းတိုက်တွင် ယာယီနေရပ် စွန့်ခွာပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ အသက် ၁၀ နှစ်ပြည့် ၅၅ ဦး၊ အသက် ၁၈ နှစ်ပြည့် နှစ်ဦး၊ လဲလှယ် ၁၂ ဦး၊ မိတ္တူ ၁၉ ဦး စုစုပေါင်း ၈၈ ဦး၊ UID ကတ် ၁၁၃ ဦးနှင့် သာသနာဝင်ကတ် တစ်ကတ် ပြုလုပ်ထုတ်ပေး ခဲ့ပြီး ဆောင်ရွက်ပြီးစီးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်များ၊ UID ကတ်များနှင့် သာသနာဝင်စိစစ်ရေးကတ်တို့ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်းနှင့် ဦးစိုးရယ်တို့က ပေးအပ် ဆက်ကပ်ခဲ့ကြောင်း သိရသည်။

ကျော်ဆန်း

# ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်တည်ထောင်မှုဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မေ ၃၀**

ကာဂျစ်စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့၌ မေ ၂၈ ရက်က ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (Shanghai Cooperation Organization Development Bank – SCOB) တည်ထောင်မှု ဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် တတိယအကြိမ် ညှိနှိုင်းအစည်း အဝေးသို့ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Min Liao နှင့် ကာဂျစ်စတန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး Mr. Nurbek Akzholov တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးဘဏ် တည်ထောင်မှု ဆိုင်ရာ နားလည်မှုစာချွန်လွှာ (မူကြမ်း) ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ညှိနှိုင်းအစည်း အဝေးတွင် ဆွေးနွေးညှိနှိုင်းရရှိမှု၊ ဆက်လက် ဆွေးနွေးရန်ရှိသည့် ဘဏ်၏မူဝါဒနှင့် ရည်ရွယ်ချက်၊ ရင်းနှီးငွေထည့်ဝင်မှု၊ အဖွဲ့ဝင်အဖြစ် ပါဝင်မှု၊ မဲပေးပိုင်ခွင့်၊ လုပ်ငန်း ဆောင်ရွက်မှုပုံစံ၊ အုပ်ချုပ်မှုပုံစံနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြရာ တက်ရောက်ကြသူများက ဝိုင်းဝန်း အကြံပြု ဆွေးနွေးခဲ့ကြသည်။




ထို့နောက် မေ ၂၉ ရက်တွင် ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization – SCO) ၏ အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟို ဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တင်ပြမည့် တတိယအကြိမ်ညှိနှိုင်း အစည်းအဝေး၌ ဘဏ်တည်ထောင် ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုနှင့် တိုးတက်မှုအခြေအနေ အစီရင် ခံစာအပေါ် အစည်းအဝေးတက် ရောက်ကြသူများက ဆွေးနွေး ညှိနှိုင်းကြပြီး သဘောတူကြသည်။

မေ ၂၉ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ကာဂျစ်စတန်နိုင်ငံ ဘစ်ရှ်ကက် မြို့မှ ပြန်လည်ထွက်ခွာလာရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သို့ ပြန်လည်ရောက်ရှိခဲ့ကြ ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အင်အားအနည်းငယ်ရှိ မြေလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မေ ၃၀**

ယနေ့ ညနေ ၄ နာရီ ၃၆ မိနစ် ၄၈ စက္ကန့်တွင် ဟားခါးမြေလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၄၄ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မင်းကင်းမြို့၏ တောင် – အနောက်တောင်ဘက် ၂၉ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၅၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၇ ဒီဂရီ၊ အနက် ၇၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိ သည်။

မိုး/ဇလ

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေ ဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများ အရ အရေးယူခံရနိုင်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**ထားဝယ် မေ ၃၀**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဇော်နိုင်ဦးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းတွင် ထားဝယ်ပြည်သူ့ဆေးရုံကြီး၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ထားဝယ် ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ဆေးရုံအုပ်ကြီးက ဆေးရုံ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆေးပဒေသာပင်အတွက် မတည်ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းသည်။

ထို့နောက်ကလေးကုသဆောင်၊ သားဖွားမီးယပ် ကုသဆောင်၊ မွေးကင်းစ ကုသဆောင်များတွင် ကုသနေသော ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ဆေးရုံ၏ဥပဓိရုပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ဖြစ်လာစေရေးအတွက် ဆေးရုံအား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (မြန်/ဆက်)



## မြစ်ကြီးနားမြို့ရှိ အောင်ဇေယျာအောင်စေတီတော်၌ မဟာသမယအခါတော်နေ့ အခမ်းအနားနှင့် သံဃဒါနဆွမ်းသပိတ်၊ ဆွမ်းဆန်တော်လောင်းလှူပူဇော်ပွဲ ကျင်းပ



**မြစ်ကြီးနား မေ ၃၀**

ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ တတိယအကြိမ်မြောက် နယုန်လပြည့် မဟာသမယ အခါတော်နေ့အခမ်းအနားနှင့် သံဃဒါနဆွမ်းသပိတ်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲက မြစ်ကြီးနားမြို့ရှိ အောင်ဇေယျာအောင်ဘုရား ပရိဝုဏ်၌ ကျင်းပသည်။

ဦးစွာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်တက်ရောက်လာသူများက ဆရာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက မဟာသမယ အခါတော်နေ့ ကျင်းပရခြင်းနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်များနှင့် သံဃာတော်များက ဦးဆောင်၍ မဟာသမယသုတ်ပါဠိတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ရဟန်းသံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များအား သံဃဒါနဆွမ်းသပိတ်၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ပြည်နယ် (မြန်/ဆက်)

## ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ ကျောင်းအပ်နှံရေးလုပ်ရှားမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၃၀**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဒါးက အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေး သီတင်းပတ်ဆောင်ရွက်နေမှုနှင့် ကျောင်းဆောင်သစ်တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၃၅) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၁၇) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းဆောင်သစ်တည်ဆောက်ရန် ရွေးချယ်သတ်မှတ်ထားသည့်မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မကွေးမြို့နယ် မကြီးစမ်းကျေးရွာ ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် လျှပ်စစ်မီးစတင်ပို့လွှတ်ခြင်းအခမ်းအနားကျင်းပ



**မကွေး မေ ၃၀**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ Quick Win စီမံချက်ဖြင့် ဆောင်ရွက်သော မကွေးမြို့နယ် မကြီးစမ်းကျေးရွာ ကျေးရွာမီးလင်းရေးနှင့် လျှပ်စစ်မီးစတင်ပို့လွှတ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ လျှပ်စစ်မီး စတင်ပို့လွှတ်ပေးကာ ကျေးရွာအတွင်း လျှပ်စစ်မီးရရှိမှုနှင့် စတင်သုံးစွဲနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားများ ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် လိုအပ်သည့် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်နိုင်ရန် နှစ်စဉ်ရန်ပုံငွေများ ခွင့်ပြုပေးလျက်ရှိရာ ၂၀၂၃ ခုနှစ်မှ ယခုအချိန်ထိ တိုင်းဒေသကြီးအတွင်း စုစုပေါင်းအိမ်ထောင်စု ၅၆၉၄၆၉ စုကျော်၊ ရာခိုင်နှုန်းအားဖြင့် ၆၂ ဒသမ ၈၇ ရာခိုင်နှုန်း လျှပ်စစ်မီး ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

မောင်ခိုင်မင်း (မြန်/ဆက်)

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

## ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ(အပိုင်း-၂၈)

# ကမ္ဘာ့တက္ကသိုလ်များတွင် ခရက်ဒစ်စနစ် အသုံးပြုနေမှုများအကြောင်း

ဒေါက်တာမျိုးကြွယ်
(ပါမောက္ခချုပ်-ငြိမ်း)

ဩစတြေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေး နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲလာမှုအပေါ် မူတည်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိစိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသန ဆောင်ရွက်နေမှုများကို အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်၊

ခရက်ဒစ်နာရီစနစ်/ ယူနစ်စနစ် ဆိုသည်မှာ တက္ကသိုလ်များတွင် ဘာသာရပ်တစ်ခုစီအတွက် သင်ကြားချိန်၊ လေ့လာမှုဝန်ထုပ်ဝန်ပိုးနှင့် သင်ယူရရှိရမည့် ရလဒ်များအပေါ်မူတည်၍ Credit Unit (အမှတ်ယူနစ်) သတ်မှတ်ပေးသည့်စနစ်တစ်ခုဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ဘွဲ့ရရန်အတွက် သတ်မှတ်ထားသောအမှတ် (Credit/ Score) အရေအတွက်ကို ပြည့်မီရပါသည်။

**ခရက်ဒစ်ယူနစ်စနစ်၏ အားသာချက်များ**

**၁။ ပညာသင်ကာလတစ်လျှောက်လုံး လွတ်လပ်စွာ စိတ်ကြိုက်ရွေးချယ်နိုင်မှု**

ကျောင်းသား ကျောင်းသူများက မိမိ၏ စိတ်ဝင်စားမှု၊ အလုပ်အကိုင်ရည်မှန်းချက်နှင့် သင်ယူနိုင်သော အချိန်အလိုက် ဘာသာရပ်များကို ရွေးချယ်တက်ရောက်နိုင်သည်။ အချိန်ပြည့်/ အချိန်ပိုင်း သို့မဟုတ် သင်ယူချိန်နှစ်တိုတိုနှင့် အမြန်သင်ယူခြင်းတို့ကို စိတ်ကြိုက် ရွေးချယ်နိုင်သည်။ ခက်ခဲသောဘာသာရပ်များကို စာသင်နှစ်ဝက်များခွဲပြီး သင်ယူနိုင်သည်။

**(သို့သော် တက္ကသိုလ်ကမူ ပညာရပ်ပေါင်းစုံရှိသော၊ သင်ကြားပေးနေသော တက္ကသိုလ်ဖြစ်နေရပါမည်။)**

**အကျိုးကျေးဇူး။** အလုပ်လုပ်ရင်းသင်ယူသူများ၊ နိုင်ငံတကာကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်တစ်ကျောင်းမှ နောက်တစ်ကျောင်းသို့ ပြောင်းရွှေ့သင်ယူသူများအတွက် အလွန်အသုံးဝင်သောစနစ်ဖြစ်ပါသည်။

**၂။ ကျောင်းသားဗဟိုပြု ပညာရေး**

ကျောင်းသား ကျောင်းသူများက မိမိ၏ပညာရေးကို ကိုယ်တိုင်စီမံခန့်ခွဲရသည်။ ကျောင်းသားကျောင်းသူကိုယ်တိုင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်မှုနှင့် တာဝန်ယူနိုင်မှု တိုးတက်စေသည်။

**အကျိုးကျေးဇူး။** မိမိကိုယ်တိုင်တက်ကြွစွာလေ့လာမှုကို အားပေးပြီး ဆရာမှ ဦးဆောင်သင်ကြားမှုကို လျှော့နည်းစေသည်။

**၃။ ရရှိသော ခရက်ဒစ်ကို လွှဲပြောင်းနိုင်မှု**

နိုင်ငံတကာတက္ကသိုလ်များအကြား ကူးပြောင်းသင်ယူရပါက ခရက်ဒစ်များကို လွှဲပြောင်းနိုင်သည်။

**အကျိုးကျေးဇူး။** ကျောင်းသား ကျောင်းသူအချင်းချင်း၊ တက္ကသိုလ်အချင်းချင်း လဲလှယ်သင်ယူသောစနစ်နှင့် နိုင်ငံတကာလေ့လာမှုများအတွက် အဆင်ပြေသည်။ နိုင်ငံတကာပညာရေးစနစ်များနှင့် ချိတ်ဆက်မှု ပိုမိုကောင်းမွန်စေသည်။

**၄။ စနစ်ကျမှုနှင့် ပွင့်လင်းမြင်သာမှု**

ဘာသာရပ်တစ်ခုချင်းစီတွင် သတ်မှတ်သင်ယူနိုင်စွမ်းနှင့် သင်ယူမှုရလဒ် သတ်မှတ်ထားသည်။

**အကျိုးကျေးဇူး။** ကျောင်းသားများက ဘွဲ့ရရန်လိုအပ်ချက်များကို ရှင်းလင်းစွာ သိရှိနိုင်သည်။ တက္ကသိုလ်များအကြား တက္ကသိုလ်တစ်ကျောင်းနှင့် တစ်ကျောင်း နှိုင်းယှဉ်ရလွယ်ကူစေသည်။

**၅။ သင်ရိုးညွှန်းတမ်းကို ကောင်းမွန်စွာ ဒီဇိုင်းဆွဲနိုင်ခြင်း**

အဓိက မသင်မနေရ ဘာသာရပ်များ၊ စိတ်ကြိုက်ရွေးချယ်ဘာသာရပ်များ၊ အထွေထွေပညာရေးစသည့် အမျိုးအစားများ ခွဲခြားနိုင်သည်။

**အကျိုးကျေးဇူး။** ကျောင်းသားများအတွက် ညီမျှပြီးပြည့်စုံသောပညာရေးရရှိစေသည်။

**၆။ စဉ်ဆက်မပြတ်အကဲဖြတ်မှုရရှိခြင်း**

ကျောင်းသား ကျောင်းသူများ၏ တတ်မြောက်မှုစွမ်းရည်အကဲဖြတ်မှုတွင် နောက်ဆုံးစာမေးပွဲ တစ်ခုတည်းမဟုတ်ဘဲ တစ်ဦးခြင်း၊ အဖွဲ့လိုက်အလုပ်၊ မေးခွန်းတိုများ၊ ပရိုဂျက် လက်တွေ့လုပ်ဆောင်မှုများ၊ နှစ်လတ်စစ်ဆေးမှု စသည်တို့ဖြင့် အမြဲတမ်းအကဲဖြတ်သည်။

**အကျိုးကျေးဇူး။** တစ်ခါတည်း လေ့လာမှုထက် စဉ်ဆက်မပြတ်၊ ဆက်လက်လေ့လာမှုများကို အားပေးသည်။

**၇။ ဘာသာရပ်ပေါင်းစုံ လေ့လာသင်ယူနိုင်ခြင်း**

ဘာသာရပ်စုံသင်တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများက မတူညီသောဌာနများမှ ဘာသာရပ်များကို စိတ်ကြိုက်တွဲဖက်သင်ယူနိုင်သည်။

ဥပမာ - စိုက်ပျိုးရေးကျောင်းသား ကျောင်းသူများသည် စီးပွားရေးပညာ၊ ပတ်ဝန်းကျင်သိပ္ပံပညာ၊ သစ်တောပညာ၊ အင်ဂျင်နီယာပညာ၊ သတင်းအချက်အလက်ပညာ၊ အချက်အလက် ခွဲခြမ်းစိတ်ဖြာပညာ စသည့်ဘာသာရပ်များကို တက္ကသိုလ် တစ်ခုတည်းတွင် တစ်ပြိုင်နက် သင်ယူနိုင်ပါသည်။

**၈။ အချိန်စီမံခန့်ခွဲမှု ကောင်းမွန်ခြင်း**

ခရက်ဒစ်စနစ်သည် ဘွဲ့ရရှိရန် လိုအပ်ချက်များနှင့် ချိတ်ဆက်ထားသောကြောင့် စာတွေ့ သင်ကြားမှု၊ ဓာတ်ခွဲခန်း၊ တစ်ဦးချင်းလေ့လာမှုကို စနစ်တကျစီမံခန့်ခွဲနိုင်ပါသည်။

**၉။ ဘဝတစ်သက်တာတစ်လျှောက်လုံး သင်ယူနိုင်မှု**

အသက်ကြီးသွားပြီး နောက်ပိုင်းတွင်လည်း အချိန်မရွေး ပြန်လည်သင်ယူနိုင်ပြီး ယခင်သင်ယူခဲ့သော ခရက်ဒစ်များကို ပြန်လည်အသုံးချနိုင်သည်။

ဥပမာ - စိုက်ပျိုးရေးဘွဲ့ရရှိသူကလည်း မဟာသိပ္ပံသင်တန်းများတွင် အင်ဂျင်နီယာ၊ စီးပွားရေးဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများတွင် ပတ်ဝန်းကျင်သိပ္ပံ စသည်ဖြင့် ဆက်လက်သင်ယူနိုင်ပါသည်။ ကျောင်းတက်ရန် အသက်ကန့်သတ်ချက်မထားပါ၊

**အကျိုးကျေးဇူး။** ဘာသာရပ်ကျွမ်းကျင်မှု ပြုစုပျိုးထောင်ခြင်းအတွက် အထောက်အကူပြုပါသည်။

**၁၀။ နိုင်ငံတကာအဆင့်မြင့် ပညာရပ်များနှင့် ကိုက်ညီမှု**

နိုင်ငံတကာ နာမည်ကြီးတက္ကသိုလ်အများစုတွင် အသုံးပြုသော စနစ်ဖြစ်သည်။ ဘွဲ့လက်မှတ်များကို နိုင်ငံတကာတွင် အသိအမှတ်ပြုမှုရရှိစေသည်။

**အကျိုးကျေးဇူး။** အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိတိုးတက်စေသည်။

**၁၁။ သင်ကြားမှု အရည်အသွေး တိုးတက်စေခြင်း**

ဆရာများက သတ်မှတ်ထားသော သင်ယူမှုရလဒ်အတိုင်း သင်ကြား၊ သုတေသနပြုရပါသည်။

**အကျိုးကျေးဇူး။** သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှု အရည်အသွေး ပိုမိုကောင်းမွန်လာစေပါသည်။

**၁၂။ မိမိကိုယ်တိုင် ဘွဲ့ရရှိရန် တိုးတက်မှုကို လွယ်ကူစွာ သိနိုင်ခြင်း**

ဥပမာ - ဘွဲ့ရရှိရန် လိုအပ်သော စုစုပေါင်း ခရက်ဒစ် ၁၂၀ (Total Credit = 120) တွင် ခရက်ဒစ် ၉၀ ရရှိပြီးပါက ခရက်ဒစ် ၃၀ သာ ကျန်ရှိပါတော့သည်။

**အကျိုးကျေးဇူး။** ကျောင်းသားများ အတွက် တက္ကသိုလ်တက်ရောက်စဉ်ကာလ တစ်လျှောက်လုံး အနာဂတ်အစီအစဉ်ရေးဆွဲရန် လွယ်ကူစေပါသည်။

**စာရေးသူ၏ အတွေး -**

စာရေးသူ ၂၀၂၆ ခုနှစ် ဩစတြေးလျနိုင်ငံသို့ ပြန်လည်အလည်အပတ်ရောက်ရှိရာတွင် ဩစတြေးလျနိုင်ငံရှိ တက္ကသိုလ်အားလုံးနီးပါး ခရက်ဒစ်ယူနစ်စနစ် (Credit Unit System) ကို အသုံးပြုနေပါသည်။ တကယ်တော့ လွန်ခဲ့သော ၁၉၈၇ ခုနှစ် (လွန်ခဲ့သော နှစ် ၄၀ လောက်) စာရေးသူ ကွင်းစလန်တက္ကသိုလ် (UQ – The University of Queensland)တွင် မဟာစိုက်ပျိုးရေးပညာသင်တန်းတက်ရောက်စဉ်ကတည်းက ထိုတက္ကသိုလ်က ခရက်ဒစ်ယူနစ်စနစ်ကို စတင်အသုံးပြုနေပြီဖြစ်ပါသည်။


နောက်ဆုံးပေါ် သင်ယူမှုစီမံခန့်ခွဲမှုစနစ် (Learning Management System– LMS ) ကြောင့် **(၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် မေလကုန်အထိ)** ယခုစာရေးသူကိုယ်တိုင် နေပြည်တော်ရှိ မိမိနေအိမ်မှ အပတ်စဉ် တနင်္လာနှင့် ကြာသပတေးနေ့တိုင်း ဆစ်ဒနီတက္ကသိုလ်မှ ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်သင်တန်းများ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးထုတ်လုပ်ရေးဘာသာ (HORT 3005 Production Horticulture)နှင့် အဆင့်မြင့် သီးနှံစိုက်ပျိုးရေးစနစ်ဘာသာ (AGRI 4001 Advanced Plant Production System)ကို အွန်လိုင်းမှ သင်ယူနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိနေပါသည်။

နောက်ဆုံးပေါ် သင်ယူမှုစီမံခန့်ခွဲမှုစနစ်က သင်ခန်းစာများကို တိုက်ရိုက်ကျောင်းသား ကျောင်းသူ ကိုယ်တိုင် တက္ကသိုလ်တွင် (သို့မဟုတ်) မအားပါက မိမိအလုပ်ခွင်မှ သင်ယူနိုင်ခြင်း၊ ထိုစာသင်နေချိန် မိမိက မအားပါက ဗီဒီယိုမှတ်တမ်းများကို အင်တာနက်စနစ်ဖြင့် ပြန်လည်ကြည့်ရှုနားထောင်နိုင်ခြင်း၊ ဆစ်ဒနီတက္ကသိုလ် အီလက်ထရောနစ် စာကြည့်တိုက်များကို မိမိနေရာအိမ်၊ ကျောင်းဆောင်များမှ ဒစ်ဂျစ်တယ် အီလက်ထရောနစ် စာအုပ်၊ စာတမ်း (e–Thesis)၊ ဂျာနယ်များ ငှားရမ်းဖတ်ရှုလေ့လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာ ရရှိနေပါသည်။

(စာရေးသူကိုယ်တိုင် စိုက်ပျိုးရေးဘွဲ့ရသူဖြစ်သော်လည်း ယနေ့ခေတ်သင်ကြားပေးနေသော တိကျစိုက်ပျိုးရေး (Precision Farming)၊ မော်လီကျူးစနစ်အပင်မျိုးမွေးမြူရေး (Molecular Plant Breeding)၊ မှိုမွေးမြူရေး (Mushroom Cultivation)၊ စပျစ်ဝိုင်ထုတ်လုပ်ရေး (Grape Wine Production)၊ လုံခြုံစိတ်ချရသော စိုက်နည်းစနစ် (Protective Cultivation)စသည့် ခေတ်မီနောက်ဆုံးပေါ် စိုက်ပျိုးနည်းပညာ၊ သင်ခန်းစာများမှာ အသစ်အဆန်းဖြစ်လျက်ရှိနေပါသည်)

{မှတ်ချက် - (၁) ဆစ်ဒနီတက္ကသိုလ်သည် ဘာသာရပ်စုံသင်တက္ကသိုလ် (Comprehensive University) ဖြစ်၍ သိပ္ပံမဟာဌာန (Faculty of Science)၊ ဝိဇ္ဇာနှင့်လူမှုရေးသိပ္ပံမဟာဌာန (Faculty of Art and Social Sciences)၊ အင်ဂျင်နီယာမဟာဌာန (Faculty of Engineering)၊ ဆေးနှင့်ကျန်းမာရေးမဟာဌာန (Faculty of Medicine and Health)၊ စီးပွားရေးပညာအဆင့်မြင့်ကျောင်း (Uni Sydney Business School)၊ ဥပဒေပညာ အဆင့်မြင့်ကျောင်း (Sydney Law School)၊ ဗိသုကာပညာနှင့် ဒီဇိုင်းအဆင့်မြင့်ကျောင်း (Sydney School of Architecture၊ Design and Planning)၊ ဂီတပညာအဆင့်မြင့်ကျောင်း (Sydney Conservatorium of Music) စသည်တို့ ရှိပါသည်။

(၂) သိပ္ပံမဟာဌာနအောက်တွင်မှ သက်ရှိနှင့်ပတ်ဝန်းကျင်သိပ္ပံပညာ အဆင့်မြင့်ကျောင်း(School of Life and Environmental Sciences) အောက်တွင် စိုက်ပျိုး၊ မွေးမြူရေးအထူးပြု ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ (Undergraduate and Postgraduate Degree Programs in Agriculture) သင်ယူကြပါသည်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူပေါင်း ၇၀၀၀၀ (ခုနစ်သောင်း) ကျော် တက်ရောက်လျက်ရှိပြီး စိုက်ပျိုးရေးနှင့်ပညာရေး၊ စိုက်ပျိုးရေးနှင့်အင်ဂျင်နီယာ၊ စိုက်ပျိုးရေးနှင့် စီးပွားရေး၊ စိုက်ပျိုးရေးနှင့် ကွန်ပျူတာပညာ၊ စိုက်ပျိုးရေးနှင့်ဥပဒေ စသည်ဖြင့် စိတ်ကြိုက်ဘာသာရပ်များ တွဲဖက်အထူးပြုလေ့လာ၊ သုတေသနပြုလျက်ရှိနေကြပါသည်။}




စာရေးသူကိုယ်တိုင် မိမိအိမ်မှတစ်ဆင့် စိုက်ပျိုးရေးသင်ခန်းစာများသင်ယူနေပုံ။

- **ခရက်ဒစ်စနစ်သည် ဘွဲ့ရရှိရန် လိုအပ်ချက်များနှင့် ချိတ်ဆက်ထားသောကြောင့် စာတွေ့သင်ကြားမှု၊ ဓာတ်ခွဲခန်း၊ တစ်ဦးချင်းလေ့လာမှုကို စနစ်တကျစီမံခန့်ခွဲနိုင်**
- **အသက်ကြီးသွားပြီး နောက်ပိုင်းတွင်လည်း အချိန်မရွေး ပြန်လည်သင်ယူနိုင်ပြီး ယခင်သင်ယူခဲ့သော ခရက်ဒစ်များကို ပြန်လည်အသုံးချနိုင်**

## ကယားပြည်နယ်ဝန်ကြီးချုပ် အဆင့်မြင့်ပညာကျောင်းများဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**လွိုင်ကော် မေ ၂၀**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအဲ့မော်နှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက လွိုင်ကော်ပညာရေး ဒီဂရီကောလိပ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



ထို့နောက် အကြမ်းဖက်သမားများကြောင့် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူးရုံးရှိ ခြောက်ခန်းတွဲ တစ်ထပ် ဝန်ထမ်းအိမ်ရာ ထိခိုက်ပျက်စီးမှုကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများအား သက်ဆိုင်ရာသင်တန်းစခန်းအသီးသီးသို့ ပြန်လည်ပို့ဆောင်

**နေပြည်တော် မေ ၂၀**

တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၉)ကို မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းနှင့် မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းတို့တွင် လည်းကောင်း၊ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)ကို ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ မြစ်ကြီးနား သင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ လွိုင်ကော် သင်တန်းစခန်း၊ မြိတ် သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော်သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မန္တလေးသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်းတို့တွင် လည်းကောင်း စုစုပေါင်းသင်တန်းသား ၁၀၄၄ ဦးဖြင့် ဧပြီ ၂၇ ရက်မှ မေ ၂၉ ရက်အထိ ရက်သတ္တ ၅ ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး ယနေ့တွင် သက်ဆိုင်ရာ သင်တန်းစခန်းများသို့ နည်းပြ/အုပ်ချုပ်သူများ၊ ဆရာဆရာမများနှင့်အတူ တပ်မတော်လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိကြသည်။



အဆိုပါ သင်တန်းသားများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အုပ်ထိန်းသူမိဘများထံ စနစ်တကျပြန်လည်အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့အကြီးဆုံးအိမ်ခြံမြေနှင့် ကားအရောင်းပြပွဲ၌ ပညာရှင်များ ဆွေးနွေးဟောပြောပွဲ ထည့်သွင်းကျင်းပ

**ရန်ကုန် မေ ၂၀**

iMyanmar House နှင့် Cars DB တို့မှ ကြီးမှူးကျင်းပသည့် အကြိမ် (၂၀) မြောက် မြန်မာ့အကြီးဆုံးအိမ်ခြံမြေနှင့်ကားအရောင်းပြပွဲကြီးကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာတွင် မေ ၂၉ ရက်မှ ၃၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သုံးရက်ကြာ ခင်းကျင်းပြသလျက်ရှိသည်။

အဆိုပါပြပွဲတွင် မြန်မာ့ဆောက်လုပ်ရေး၊ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုနှင့် မော်တော်ယာဉ်ဈေးကွက် စသည့်မတူညီသော နယ်ပယ်အသီးသီးမှ ပညာရှင်များ ကိုယ်တိုင်ဆွေးနွေးဟောပြောပွဲကို ထည့်သွင်းပြုလုပ်လျက်ရှိသည်။

မေ ၂၉ ရက်က လျှောင်နှင့်ဆောက်လုပ်ရေးခေါင်းစဉ်ဖြင့်ဆွေးနွေးဟောပြောချက်ကို ဦးမျိုးမြင့် (Chairman & CEO) MKT Construction Co.,Ltd. က လည်းကောင်း၊ မေ ၃၀ ရက်တွင် SKD အကြောင်း သိကောင်းစရာများကို ဦးကျော်စွာထွန်းမြင့် (အတွင်းရေးမှူး) Myanmar Automobile Manufact–urers and Distributors Association က လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

မေ ၃၁ ရက် နံနက် ၁၁ နာရီတွင် ဦးစိုင်းခွန်နောင် (Managing Director) Sai Khung Noung Co., Ltd. Real Estate & Law Firm က ရင်းနှီးမြှုပ်နှံမှု အပိုင်းစများ ကောက်ကြည့်ခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါ်ရီဝိုင်းဦး(Managing Director) A1 Construction Co., Ltd. နှင့် Daw Rita Htu Hkaung (CEO) MRED Co.,Ltd တို့က Beauty of Women Role in Construction & Real Estate Development ခေါင်းစဉ်ဖြင့်ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

**မျိုးမင်းသူရ**

## ကျောက်ဆည်မြို့၌ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းဆင်း

**ကျောက်ဆည် မေ ၂၀**

ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်) တို့ ပူးပေါင်း၍အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်းဆင်းပွဲကို မေ ၂၉ ရက်က အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်) ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ လေအေးပေးစက်တပ်ဆင်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်း၊ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းတို့တွင် ထူးချွန်သူများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**သက်မောင်(ကျောက်ဆည်)**

## ကျောင်းဖွင့်ချိန်တွင် ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မေ ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၊ ကျိုင်းတောင်းမြို့၊ လွိုင်လင်မြို့၊ လင်းခေးမြို့၊ မိုင်းနောင်မြို့၊ ကွန်ဟိန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးတို့အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများနေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# စမ်းသပ်လုပ်ဆောင်မှုအတွင်း အမေရိကန်အာကာသကုမ္ပဏီ Blue Origin မှ ဒုံးပျံတစ်စင်း ပေါက်ကွဲမှုဖြစ်ပွား

**ဖလော်ရီဒါ မေ ၃၀**

အမေရိကန် အာကာသကုမ္ပဏီ Blue Origin မှ ဒုံးပျံအသစ်တစ်စင်းသည် မေ ၂၈ ရက်က လုပ်ဆောင်ခဲ့သည့် စမ်းသပ်မှုတစ်ခုအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း သိရသည်။

အဆိုပါကုမ္ပဏီမှာ အမေရိကန် ဦးဆောင်သော အာတီးမစ် လကမ္ဘာစူးစမ်းလေ့လာရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီဖြစ်သည်။ New Glenn ဟုခေါ်သော အဆိုပါ ဒုံးပျံသည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ကိတ်ကန်နာဗရယ် အာကာသစခန်းတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အာကာသယာဉ် ပေါ်တွင် အမှုထမ်းမရှိကြောင်း၊ စမ်းသပ်မှုတစ်ခုလုပ်ဆောင်နေစဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း Blue Origin ကုမ္ပဏီက ပြောသည်။ Amazon တည်ထောင်သူ ဂျက်ဖ်ဘေဇို့စ်၏ Blue Origin ကုမ္ပဏီသည် အာတီးမစ်စီမံကိန်းအတွက် လဆင်းယာဉ် တည်ဆောက်ရန် ရွေးချယ်ခံထားရသည့် ကုမ္ပဏီများအနက် တစ်ခုဖြစ်သည်။ အဆိုပါ ကုမ္ပဏီသည် လပေါ်သို့ အာကာသယာဉ်မှူးများ ဘေးအန္တရာယ်ကင်းစွာ ဆင်းသက်စေရန် တာဝန်ယူပေးရသည့် ကုမ္ပဏီလည်းဖြစ်သည်။

ပေါက်ကွဲမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို သိရှိနိုင်ရန် စောနေသေးသော်လည်း ဒုံးပျံပျံသန်းနိုင်ရေး ဆက်လက်ကြိုးပမ်းမည်ဟု ကတိပြုကြောင်း ဘေဇို့စ်က လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။ ၎င်း၏ ကုမ္ပဏီသည် အာကာသယာဉ်များ တည်ဆောက်ရာတွင် အီလွန်မက်စ် ဦးဆောင်သည့် SpaceX ကုမ္ပဏီနှင့် အပြိုင် ကြိုးပမ်းနေရသည်။

**အင်န်အိတ်ချ်ကေ**




# အီဘိုလာဝင်ရောက်နိုင်ခြေမြင့်မားသည့် ဒေသ သို့မဟုတ် အလယ်အလတ်ဒေသဟူ၍ ဒေသပေါင်း ၂၁ ခုကို နိုင်ဂျီးရီးယားသတ်မှတ်

**အဘူဂျာ မေ ၃၀**

အီဘိုလာရောဂါ နယ်စပ်ဖြတ်ကျော်ကူးစက်မှုအတွက် စိုးရိမ်နေရချိန် နိုင်ဂျီးရီးယားနိုင်ငံမှ ကျန်းမာရေးအာဏာပိုင်များသည် နိုင်ငံအတွင်း ပြည်နယ် ၃၆ ခုရှိသည့်အနက် ၂၁ ခုကို အီဘိုလာဝင်ရောက်နိုင်ခြေမြင့်မားသည့် ဒေသသို့မဟုတ် အလယ်အလတ်ဒေသဟူ၍ သတ်မှတ်ခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံအနှံ့အပြား၌ လက်ရှိတွင် အီဘိုလာရောဂါကူးစက်ခံရသူ မတွေ့ရှိရသေးသော်လည်း အီဘိုလာရောဂါဖြစ်ပွားနေသည့် အာဖရိက အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများမှ နိုင်ဂျီးရီးယားနိုင်ငံသို့ အီဘိုလာရောဂါဝင်ရောက်လာနိုင်ခြေမြင့်မားလျက်ရှိသည်ဟု နိုင်ဂျီးရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက မေ ၂၈ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မြို့တော်အဘူဂျာ၊ တောင်ပိုင်းပြည်နယ်များဖြစ်သည့် လာဂို့စ်၊ ရေဗား၊ အီနူဂူ၊ အက်ဝါအိုင်ဘွန်နှင့် ခရော့ရေးဗား၊ မြောက်ပိုင်းပြည်နယ်များဖြစ်သည့် ကာနို၊ ဘာနို၊ တာရာဘာနှင့် အက်ဒါမာဝါဒေသများကို ကူးစက်နိုင်ခြေမြင့်မားသည့်ဒေသများဟု နိုင်ဂျီးရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက သတ်မှတ်ခဲ့သည်။

အဆိုပါဒေသများမှာ လေဆိပ်များနှင့်ဆက်နွှယ်သည့် လမ်းကြောင်းများရှိခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများရှိခြင်းတို့ကြောင့်ဖြစ်သည်။ နိုင်ဂျီးရီးယားနိုင်ငံသည် လူပေါင်း ၂၄၂ သန်းကျော်ရှိပြီး အာဖရိက၏ လူဦးရေအထူထပ်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ကာ ကမ္ဘာ့ခြောက်နိုင်ငံမြောက် လူဦးရေအများဆုံး နိုင်ငံလည်းဖြစ်သည်။

**ဆင်ဟွာ**

# ကလေးငယ်များ အွန်လိုင်းဘေးကင်းလုံခြုံစေရေး ကုလသမဂ္ဂလူ့အခွင့်အရေးရုံးက လမ်းညွှန်ချက်ထုတ်ပြန်

**ဂျီနီဗာ မေ ၃၀**


ကလေးငယ်များအတွက် ပိုမိုဘေးကင်းလုံခြုံစိတ်ချရသည့် အွန်လိုင်းပလက်ဖောင်းပြုလုပ်ရန် နိုင်ငံများနှင့် နည်းပညာကုမ္ပဏီကြီးများအနေဖြင့် ပိုမိုကောင်းမွန်သည့်အစီအမံများ ပြုလုပ်ကြရန် လူ့အခွင့်အရေး မဟာမင်းကြီး ဖော့ကာတာ့ခ် က မေ ၂၉ ရက်တွင် တောင်းဆိုခဲ့သည်။

ထိရောက်သောစည်းမျဉ်း၊ ကြီးကြပ်မှုနှင့် တာဝန်ယူမှုတို့ရှိရန် ၎င်းက အလေးပေးပြောကြားခဲ့သည်။ ကလေးငယ်များအတွက် သင်ယူရေး၊ လူမှုအသိုင်းအဝိုင်းနှင့် ဖန်တီးနိုင်စွမ်းများဆီ ချိတ်ဆက်ပေးထားသည့် ဒစ်ဂျစ်တယ်ကမ္ဘာသည် ကလေးငယ်များ ဘေးကင်းရေး၊ ကိုယ်ရေးကိုယ်တာလုံခြုံမှုနှင့် ကောင်းကျိုးဖြစ်ထွန်းရေးအတွက်ပါ စွန့်စားရနိုင်ခြေများနှင့် ထိတွေ့နေရကြောင်း ထုတ်ပြန်ချက်တွင် ပါဝင်သည်။

ကလေးငယ်များ၏ လုံခြုံရေးကိုယ်ရေးကိုယ်တာလုံခြုံမှုနှင့်ကောင်းကျိုးချမ်းသာတို့အတွက် အွန်လိုင်းအန္တရာယ်ရှိမှုသည် ရှောင်လွှဲ၍မရနိုင်သောအရာများ မဟုတ်ကြောင်း၊ လုံခြုံရေးကိုအားနည်းစေသည့် စီးပွားရေးအလေ့အထများနှင့် ဒီဇိုင်းရွေးချယ်မှုတို့ကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အွန်လိုင်းပေါ်တွင် ကလေးငယ်များကို အကာအကွယ်ပေးရေး အရှိန်အဟုန်မြှင့်တင်ရန်မှာ ချက်ချင်းဦးစားပေးဆောင်ရွက်ရမည့် ကိစ္စဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အသက်အရွယ် အတည်ပြုခြင်းလုပ်ငန်းစဉ်နှင့် ကလေးငယ်များ၏အခွင့်အရေးထိခိုက်မှုကို အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အား မဖြစ်မနေလုပ်ဆောင်ခြင်း၊ စည်းမျဉ်းဆိုင်ရာ တုံ့ပြန်မှုများကို သတ်မှတ်ရာတွင် ကလေးငယ်များကိုပါ ထည့်သွင်းခြင်း စသည့် ဆောင်ရွက်ချက်များပါဝင်သည့် လမ်းညွှန်ချက်ကို ကုလသမဂ္ဂ လူ့အခွင့်အရေးရုံးက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**



# ဂျော်ဒန်နိုင်ငံ၌ အသက် ၁၅ နှစ်နှင့်အထက် ဆေးလိပ်သောက်သုံးသူ ၅၀ ရာခိုင်နှုန်းရှိ

**အမ်မန် မေ ၃၀**

အသက် ၁၅ နှစ်နှင့်အထက် ဂျော်ဒန်နိုင်ငံသား ထက်ဝက်ကျော်မှာ ဆေးလိပ်သောက်သုံးလျက်ရှိကြောင်း ဂျော်ဒန်နိုင်ငံ၏ အဆင့်မြင့် လူဦးရေကောင်စီ (HPC) က ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မေ ၃၀ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဂျော်ဒန်နိုင်ငံ၌ ဆေးလိပ်သောက်သုံးသူများ၏ ၇၁ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ပြီး ၂၉ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဂျော်ဒန်နိုင်ငံ၌ ဆေးလိပ်သောက်သုံးသူများ၏ ၈၃ ရာခိုင်နှုန်းမှာ အသက် ၂၄ နှစ်မတိုင်မီ စတင်သောက်သုံးပြီး ၃၈ ရာခိုင်နှုန်းမှာ အသက် ၁၈ နှစ် မတိုင်မီ စတင် သောက်သုံးခဲ့ကြောင်း အချက်အလက်များအရ သိရသည်။

ဆေးလိပ် သောက်သုံးသူတစ်ဦးလျှင် ဆေးလိပ်အတွက် လစဉ်ပျမ်းမျှ အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၁၀ ခန့်ရှိကြောင်း သိရသည်။

ဂျော်ဒန်နိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ကင်ဆာရောဂါဖြစ်ပွားသူသစ် ၁၀၇၅၅ ဦးရှိပြီး အဖြစ်အများဆုံး ကင်ဆာသုံးမျိုးမှာ ဆေးလိပ် သောက်သုံးခြင်းနှင့် ဆက်စပ်နေကြောင်း သိရသည်။

နိုင်ငံအတွင်း ကင်ဆာကုသမှုအတွက် နှစ်စဉ်ကုန်ကျစရိတ်မှာ အမေရိကန် ဒေါ်လာ ၄၉၃ သန်းခန့်ရှိသည်ဟု ခန့်မှန်းထားကြောင်း HPC က ထုတ်ပြန်ထားသည်။ ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် ဒေါ်လာ ၇၀၅ သန်းကျော်မည်ဟု ကောင်စီက ခန့်မှန်းထားသည်။

**ဆင်ဟွာ**




# မွန်ဂိုလီးယားနိုင်ငံမြောက်ပိုင်း၌ လျင်မြန်စွာကူးစက်တတ်သည့် ခွာနာလျှာနာရောဂါဖြစ်ပွား

**အူလန်ဘာတာ မေ ၃၀**

မွန်ဂိုလီးယားနိုင်ငံ အနောက်ပိုင်း ခေါ့ဗ်ဒ်ပြည်နယ်၌ အလွန်လျင်မြန်စွာ ကူးစက်တတ်သည့် ခွာနာလျှာနာရောဂါ(FMD)ဖြစ်ပွားမှု အတည်ပြုခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးကို ကိုးကား၍ ပြည်တွင်းမီဒီယာက ထုတ်ပြန်ထားသည်။

ခေါ့ဗ်ဒ်ပြည်နယ် ဘူဂန်ခရိုင်၌ အလွန်လျင်မြန်စွာ ကူးစက်တတ်သည့် ခွာနာလျှာနာရောဂါကို ဓာတ်ခွဲစမ်းသပ်မှုအရ အတည်ပြုခဲ့ကြောင်း သိရသည်။

ယခုအချိန်အထိ ခြံမွေးတိရစ္ဆာန် စောင့်ရှောက်သူ အိမ်ထောင်စု ခုနစ်စုတို့၏ ကျွဲ၊ နွားတိရစ္ဆာန် ၃၅ ကောင်တွင် ရောဂါ ကူးစက်ဖြစ်ပွားပြီး နောက်ထပ် ရောဂါဖြစ်ပွားသည့် တိရစ္ဆာန်အရေအတွက်မှာ တိုးလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ရောဂါဖြစ်ပွားသည့် နယ်မြေ၌ တိရစ္ဆာန်ကောင်ရေ ၅၅၀၀ ခန့်ရှိကြောင်း အုပ်ချုပ်ရေးမှူးရုံးက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

မွန်ဂိုလီးယား အမျိုးသားစာရင်းအင်းရုံး၏ ထုတ်ပြန်ချက်အရ နိုင်ငံအတွင်း ၂၀၂၅ ခုနှစ် နှစ်ကုန်တွင် တိရစ္ဆာန်ကောင်ရေ ၅၈ ဒသမ ၁ သန်းရှိကြောင်း သိရသည်။

**ဆင်ဟွာ**



# ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆီ လျှောက်လှမ်းနိုင်ဖို့ သဘာဝသွင်းအားစုများ အသုံးပြုကြစို့

**အနာဂတ်ကမ္ဘာမြေကို ထိခိုက်ပျက်စီးစေခြင်းမရှိဘဲ သဘာဝသွင်းအားစုများကို အလေးထားအသုံးပြုပေးခြင်းက စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် အရည်အသွေးပြည့်မီသည့် စိုက်ပျိုးထွက်ကုန်များရရှိစေသည်သာမက စိုက်ပျိုးထုတ်လုပ်ရာ မိခင်မြေဆီလွှာကိုပါ ထိန်းသိမ်းရာရောက်စေပါသည်။**

စုပြည့်ပြည့်ဝင်း(စိုက်ပျိုးရေး)

ယနေ့စိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝသွင်းအားစုများရရှိနိုင်သည့် အခြေအနေများမှာ ယခင်ထက်ပို၍ များလာသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့် ဓာတုသွင်းအားစုများအစား သဘာဝသွင်းအားစုများကို ပိုမိုအသုံးပြုပေးသင့်သည်။ သဘာဝသွင်းအားစုများတွင် ဇီဝမြေဩဇာများ၊ နွားချေးမြေဩဇာများ၊ သစ်စိမ်းမြေဩဇာများ စသည်ဖြင့် အုပ်စုကွဲများစွာရှိသည်။

**ဇီဝမြေဩဇာများသုံးစွဲခြင်း**

ဇီဝမြေဩဇာများက မြေဆီလွှာနှင့် ရေထုညစ်ညမ်းမှုကို လျှော့ချပေးနိုင်သော မြေဆီလွှာ၏ မြေဆီဩဇာဓာတ်ကို တိုးစေနိုင်ရုံသာမက အပင်၏ ကြီးထွားဖွံ့ဖြိုးမှုကို လှုံ့ဆော်ပေးနိုင်၍ သီးနှံအထွက်နှုန်းတိုးစေသည့် ဇီဝပစ္စည်းများဖြစ်သည်။ စိုက်ပျိုးရေးသုံးဓာတုဆေးဝါးများ လွန်ကဲစွာ အသုံးပြုလာသည်နှင့်အမျှ များစွာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးပြောင်းလဲမှုများ ကြုံတွေ့လာရသည်။ ထို့ကြောင့် ယခုလက်ရှိအခြေအနေတွင် ပတ်ဝန်းကျင်ဆိုင်ရာညစ်ညမ်းမှုများ လျှော့ချနိုင်ရန် ဓာတုပစ္စည်းများ အသုံးပြုခြင်းကို ဟန့်တား၍ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို ဦးစားပေးသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များကို များစွာကျင့်သုံးလာကြသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ရေရှည်တည်တံ့နိုင်စေရန် ဓာတုပစ္စည်းများကို အစားထိုးအသုံးပြုနိုင်မည့် နည်းလမ်းများရှိရမည်။ တန်ဖိုးအသင့်အတင့်ရှိ၍ အသုံးပြုရန်လွယ်ကူသော ဇီဝမြေဩဇာများသည် စိုက်ပျိုးရေးတွင် အသုံးပြုလျက်ရှိသော ဓာတုပစ္စည်းများနေရာတွင် အစားထိုးအသုံးပြုနိုင်မည့် နည်းလမ်းတစ်ခုဖြစ်နေသည်။ ပဲမျိုးစုံသီးနှံများ စိုက်ပျိုးရာတွင် ရိုင်ဇိုဘီယမ်များ (Rhizobium) ကိုလည်းကောင်း၊ ဗက်တီးရီးယားတစ်မျိုးဖြစ်သော အဇိုတိုဘက်တာ (Azotobacter)ကို ဂျုံ၊ ပြောင်း၊ မုန်ညင်း၊ အာလူး၊ ဝါနှင့်ဟင်းသီးဟင်းရွက်များတွင်လည်းကောင်း၊ နှံစားသီးနှံများ (ဥပမာ – နှံစားပြောင်း၊ ဆပ်၊ ကြံ)တွင် Azospirillumကိုလည်းကောင်း တွင်ကျယ်စွာ အသုံးပြုလေ့ရှိသည်။ ထို့မှုမက လွတ်လပ်စွာနေ၍ သဟဇီဝန(Symbio–sis)နည်းလမ်းဖြင့် နိုက်ထရိုဂျင်ဖမ်းယူပေးသော Cyanobacteria မျိုးစိတ်အချို့နှင့် မှိုမျိုးစိတ်အချို့ကိုလည်း တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်နည်းလမ်းဖြင့် ဇီဝမြေဩဇာများ ထုတ်လုပ်သုံးစွဲကြသည်။

**နိုက်ထရိုဂျင်ဖမ်းယူပေးသော ဗက်တီးရီးယားများ။** ယင်းတို့သည် တိုက်ရိုက် (သို့) သွယ်ဝိုက်နည်းလမ်းဖြင့် အပင်အတွက်လိုအပ်သော နိုက်ထရိုဂျင်ကို ရယူပေးသည်။ အပင်များအတွက် ၉၀ ရာခိုင်နှုန်းသော နိုက်ထရိုဂျင်ဖမ်းယူခြင်းသည် ၎င်းဗက်တီးရီးယားများနှင့် ဆက်စပ်နေသည်။ ယခုအခါ သီးနှံပင်စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍများတွင် ဇီဝနည်းဖြင့် နိုက်ထရိုဂျင်ဖမ်းယူခြင်းနည်းလမ်း (BNF – Biological Nitrogen Fixation) နှင့်ဆိုင်သော နည်းပညာအသစ်များ ရှာဖွေလျက်ရှိကြသည်။

**Phosphate Solubilizing Bacteria(PSB)။** ထိုဗက်တီးရီးယားများက ရေတွင်မပျော်ဝင်နိုင်သော ဖော့စဖရိတ်များကို အရည်ပျော်စေ၍ အပင်စားသုံးနိုင်သောပုံစံသို့ ပြောင်းလဲစေသည်။ PSB များသည် ဓာတုမြေဩဇာအဖြစ် အသုံးပြုနေရသည့် ဖော့စဖရိတ်ကို အစားထိုးနိုင်သော အော်ဂဲနစ်အရင်းအမြစ်တစ်ခုရ၍ အပင်များ၏ကြီးထွားဖွံ့ဖြိုးမှုကို လှုံ့ဆော်ပေးနိုင်သည့်အပြင် အထွက်နှုန်းအပေါ်သက်ရောက်မှုရှိသည်။ ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင်အသုံးပြုပါက အထွက်နှုန်းသာမက အရည်အသွေးပါတိုးလာကြောင်း သုတေသနစာတမ်းများက ဖော်ပြထားသည်။




**“ သစ်စိမ်းမြေဩဇာများ အသုံးပြုခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ ရေရှည်တည်တံ့မှုကိုသာမက ဓာတုပစ္စည်းများအတွက် အခြားသော ဖြေရှင်းမှုကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် သစ်စိမ်းမြေဩဇာများ ပေါင်းစပ်အသုံးပြုပေးခြင်းသည် ဓာတုပစ္စည်းသုံးစွဲမှုကို အမြစ်ပြတ်ရှင်းလင်းပေးနိုင်မည်မဟုတ်သော်လည်း တဖြည်းဖြည်း လျှော့ပေါ့သုံးစွဲလာနိုင်မည် ”**

**Mycorrhiz(မိုက်ကိုရိုင်ဇာ)။** VAM ဟုခေါ်သော မိုက်ကိုရိုင်ဇာမှိုတစ်မျိုးသည် သီးနှံပင်၏အမြစ်ဝန်းကျင်ရှိ အစိုဓာတ်ကိုထိန်းပေးရာတွင် ကူညီပေးရုံသာမက အမြစ်တွင် မြေဆောင်ရောဂါများ ကျရောက်မှုမှလည်း ခုခံကာကွယ်ပေးသည်။ ထို့ပြင် အပင်အတွက် လိုအပ်သောပိုတက်စီယမ်နှင့် အနည်းလိုအာဟာရဓာတ်များ (ကော့ပါး၊ အလူမီနီယံ၊ မဂ္ဂနိစ်)ကိုပါ စုပ်ယူပေး၍ အပင်အတွက် အစာစုပ်ယူခြင်းကို နှောင့်နှေးစေသည့် အဆိပ်သင့်ပစ္စည်းများကို ဖယ်ရှားပေးသည်။

**မြေဆွေးများ။** မြေဆွေးများကိုလည်း ဇီဝမြေဩဇာအဖြစ်အသုံးပြုနိုင်သည်။ သီးနှံပင်များ စိုက်ပျိုးရာတွင် မြေဆွေးကို ကြားခံလွှာအဖြစ် အသုံးပြုနိုင်သည်။ယင်းကြားခံလွှာသည် အပင်အတွက်လိုအပ်သောအစိုဓာတ်နှင့် အာဟာရဓာတ်များကို ထောက်ပံ့ပေးသည်။ ၎င်းတီကျစ်မြေဆွေး (vermi–compost) များသည် အော်ဂဲနစ်မြေဩဇာအရင်းအမြစ်တစ်ခုဖြစ်ပြီး အပင်အတွက်လိုအပ်သော အော်ဂဲနစ်ကာဗွန်များကို ထောက်ပံ့ပေး၍ အထွက်နှုန်းနှင့် အရည်အသွေးကို ပို၍ကောင်းမွန်စေသည်။

**သစ်စိမ်းမြေဩဇာများ**

သစ်စိမ်းမြေဩဇာများမှာ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးများသော သဘာဝသွင်းအားစုတစ်ရပ်ဖြစ်သည်။ သစ်စိမ်းမြေဩဇာဆိုသည်မှာ သီးနှံပင်များမှရရှိလာသော မြေဩဇာတစ်မျိုးဖြစ်၍ ယင်းတို့ကို ဆွေးမြည့်အောင်ထားပြီး မြေဆီနှင့်သမသွားသောအခါ အသုံးပြုနိုင်သည့် သဘာဝပစ္စည်းဖြစ်ပြီး နိုက်ထရိုဂျင်နှင့် ဖော့စဖရိတ်များပါဝင်သည်။ ထို့မှုမက မြေဆီလွှာ၏ ချဉ်ငန်ကိန်း (pH) အထူးသဖြင့် အယ်ကာလိုင်းအခြေအနေကို လျှော့ချထိန်းညှိပေးသည့် အက်စစ်များ ပါဝင်သည်။

သစ်စိမ်းမြေဩဇာများ ပြုလုပ်သုံးစွဲရာတွင် ပဲမျိုးရင်းဝင်မဟုတ်သောအပင်များ (နေကြာ၊ ဂျုံ၊ မုန်ညင်း) စသည်တို့ကိုသာမက ပဲမျိုးရင်းဝင်အပင်များဖြစ်သော ပိုက်ဆံလျှော်၊ ပဲလွမ်း၊ ပဲရာဇာ၊ ကလိုဗာစသည်တို့ကို အသုံးပြုနိုင်သည်။ သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုမည့်အပင်များသည် အချိန်တိုအတွင်းတွင် ကြီးထွားနှုန်းမြန်ဆန်၍ ဇီဝဒြပ်ထုထုတ်လုပ်မှုများပြားခြင်း၊ ဆွေးမြည့်မှုမြန်ဆန်ရန်အတွက် အရွက်ကြီးထွားမှုမြန်ခြင်း၊ အမြစ်နက်နက်ဆင်းနိုင်ခြင်း(သို့) အမြစ်နက်အဖွဲ့အစည်းပါရှိခြင်းတို့ဖြစ်သည်။

အမြစ်နက်အဖွဲ့အစည်းပါရှိသော အပင်များသည် မြေဆီလွှာ၏ deeper layer မှ အာဟာရများကို ပိုမိုစုပ်ယူပေးနိုင်ခြင်း၊ ထိုသို့ရရှိလာသော အာဟာရဓာတ်များကို နောင်စိုက်ပျိုးမည့် သီးနှံအတွက်ပံ့ပိုးပေးခြင်း၊ မြေဆီလွှာ၏ရုပ်ပိုင်းဖွဲ့စည်းမှုကို ထောက်ပံ့ပေးခြင်းစသည့် အကျိုးကျေးဇူးများ ရနိုင်သည်။ သစ်စိမ်းမြေဩဇာများအဖြစ် အသုံးချနိုင်သည့် အပင်များသည် ပေါင်းပင်များနှင့် နှိုင်းယှဉ်ကြပါက အာဟာရဓာတ်များကို ပိုမိုအကျိုးရှိစွာ အသုံးချနိုင်ရုံမျှမက အချို့သစ်စိမ်းပင်များ (ဥပမာ–ကလိုဗာမြက်)သည် ပေါင်းစေ့များ၏ အညှောင့်ပေါက်မှုကို ထိန်းချုပ်ပေးထားနိုင်သည်။

သစ်စိမ်းမြေဩဇာပင်များကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မည့် သီးနှံပင်များနှင့် သီးညှပ်စိုက်ပျိုးပေးခြင်း၊ သီးလှည့်စိုက်ပျိုးပေးခြင်းဖြင့် မြေဆီလွှာကို ထိန်းသိမ်းပေးနိုင်သည်။ သီးလှည့်စိုက်ပျိုးရာတွင် မိမိစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မည့် သီးနှံမစိုက်ပျိုးမီ စိုက်ပျိုးပေးခြင်းဖြင့် ပေါင်းပေါက်ရောက်မှုကို ကာကွယ်ပေးသည်သာမက နောင်စိုက်ပျိုးမည့် သီးနှံပင်အတွက် လိုအပ်သည့် အာဟာရဓာတ်ကိုပါ ထောက်ပံ့ပြီးသားဖြစ်စေသည်။ သီးညှပ်စိုက်ပျိုးရာတွင် စီးပွားဖြစ်စိုက်ပျိုးမည့်သီးနှံပင်နှင့် တစ်ချိန်တည်း(သို့မဟုတ်) အချိန်အနည်းငယ် စောနောက်ကျ၍ စိုက်ပျိုးပေးနိုင်ပါသည်။

သီးနှံသစ်တောရောနှော စိုက်ပျိုးရေးတွင်လည်း သစ်စိမ်းမြေဩဇာပင်များ စိုက်ပျိုးပေးနိုင်သည်။ သစ်ပင်ကြီးများအနေဖြင့် သစ်ရွက်စိမ်းများစွာကြွေကျ၍ မြေသားနှင့်ရောနှောသွားသောအခါ သီးနှံပင်ကြီးထွားမှုအတွက် လိုအပ်သောအာဟာရဓာတ်များထုတ်ပေးနိုင်သည်။ ဤနည်းလမ်းဆောင်ရွက်ခြင်းအားဖြင့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ၊ လောင်စာများ၊ တိရစ္ဆာန်အစာများပါ ရရှိနိုင်သည်။ အချို့သော သစ်စိမ်းမြေဩဇာပင်များသည် ဝတ်မှုန်ကူးအင်းဆက်များအတွက် လိုအပ်သောဝတ်ရည်ကိုပါ ပံ့ပိုးပေးနိုင်သည်။ အချို့သစ်စိမ်းမြေဩဇာများသည် တိရစ္ဆာန်များအတွက် အစာအာဟာရ ထောက်ပံ့ပေးနိုင်သည့်အတွက် စားကျက်မြေများတွင် သုံးစွဲနိုင်သည်။

သစ်စိမ်းမြေဩဇာများ အသုံးပြုခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ ရေရှည်တည်တံ့မှုကိုသာမက ဓာတုပစ္စည်းများအတွက် အခြားသော ဖြေရှင်းမှုကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် သစ်စိမ်းမြေဩဇာများ ပေါင်းစပ်အသုံးပြုပေးခြင်းသည် ဓာတုပစ္စည်းသုံးစွဲမှုကို အမြစ်ပြတ်ရှင်းလင်းပေးနိုင်မည် မဟုတ်သော်လည်း တဖြည်းဖြည်း လျှော့ပေါ့သုံးစွဲလာနိုင်မည် ဖြစ်ပါသည်။

**နွားချေးမြေဩဇာများ**

နွားချေးသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် အရေးပါသော ဇီဝမြေဩဇာအရင်းအမြစ်တစ်ခုဖြစ်သည်။ ရှေးယခင်သမားရိုးကျ စိုက်ပျိုးရေးလုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့သည့် ကာလများကတည်းကပင် အသုံးများသော သွင်းအားစုတစ်ရပ်ဖြစ်သည်။ ယနေ့ခေတ် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကကြုံတွေ့နေရသော ပြဿနာတစ်ရပ်မှာ မြေဆီဩဇာယုတ်လျော့လာခြင်းဖြစ်သည်။ နွားချေးမြေဩဇာများ အသုံးပြုပေးခြင်းသည် မြေဆီလွှာ၏ ထုတ်လုပ်မှုစွမ်းအားကို တိုးစေနိုင်သည်။

မြေဆီဩဇာကုန်ခန်းခြင်းမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက် လျော့နည်းစေနိုင်သည့် အဓိကအဟန့်အတားဖြစ်သည်။ နွားချေးမြေဩဇာများ အသုံးပြုပေးခြင်းဖြင့် မြေ၏ကုန်ခန်းနေသော မြေဆီဩဇာကို ပြန်လည်ဖြည့်တင်းပေးနိုင်သည်။ နွားချေးအသုံးပြုပေးလျှင် ထယ်ရေးမွစေ၍ မြေ၏လေဝင်လေထွက်ကောင်းစေသည်။ ရေထိန်းစွမ်းအားကို တိုးစေသည်။ တီကျစ်မြေဆွေးနှင့် ရောစပ်အသုံးပြုပေးမည်ဆိုပါက မြေ၏ရေစိမ့်ဝင်စီးဆင်းမှုနှင့် ဓာတ်ဖိုဓာတ်မဖလှယ်နိုင်စွမ်းအားကိုပါ ပိုကောင်းစေသည်။နွားချေးတွင်ပါဝင်သော ကာဗွန်နှင့်နိုက်ထရိုဂျင်အချိုးမှာ ၁၉ ဒသမ ၉ ရှိ၍ ထိုပမာဏမှာ အဏုဇီဝသက်ရှိများကြိုက်နှစ်သက်သောကြောင့် ယင်းတို့အတွက် အစာအာဟာရအရင်းအမြစ်သဖွယ် ဖြစ်စေနိုင်သည်။ နွားချေးမြေဩဇာနှင့် နွားကျင်ငယ်ရေ(urine)မှာ မြေ၏ ချဉ်ငန်ကိန်းကိုမြင့်စေကာ အော်ဂဲနစ်ပစ္စည်းများ ဆွေးမြည့်မှုကို မြန်စေသည်။

ထိုသို့ အပင်အာဟာရပြုခြင်းတွင် ပါဝင်ပတ်သက်နေသည်သာမက နွားချေးမြေဩဇာများ အသုံးပြုပေးခြင်းဖြင့် အပင်များတွင် မှိုနှင့်ဗက်တီးရီးယားရောဂါကျရောက်မှုကို လျှော့နည်းစေသည်။ မှိုမျှင်ကြီးထွားမှုကို ဟန့်တားနိုင်သည်။ နွားချေးစစ်ထုတ်ရည်အသုံးပြု၍ စပါးဗက်တီးရီးယားရွက်ခြောက်ရောဂါကို ကာကွယ်ပေးသည်သာမက ဝါပင်များတွင် ကျရောက်လေ့ရှိသော မြစ်ပုပ်ရောဂါကို ဟန့်တားပေးနိုင်ကာ အပင်သန်စေသည်။ နီမတုတ်ရောဂါကျရောက်မှုကိုလည်း နွားချေးမြေဩဇာ အသုံးပြု၍ ကာကွယ်နိုင်သည်။

နွားချေးမြေဩဇာတွင်ပါဝင်သော အော်ဂဲနစ်ပစ္စည်းများသည် မြေဆီလွှာ၏အပူချိန်နှင့် မြေချဉ်ငန်ကိန်းကို မျှခြေတွင်ထိန်းထားပေးနိုင်သည်။ ထို့မှုမက မြေလုံးမြေခဲဖြစ်ပေါ်မှုကို အားပေးကာ သဲမြေများကို ရေထိန်းစွမ်းအားကောင်းစေခြင်း၊ မြေများကို ရေစီးရေလာကောင်းစေ၍ ရေဝပ်ခြင်းမှ ကာကွယ်ပေးခြင်း စသည်တို့သာမက ကာဗွန်နေရာမှန်အထိုင်ချခြင်းကိုပါ ပို၍အားပေးကာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုပါ လျော့ပါးသက်သာစေနိုင်မည်ဖြစ်ပါသည်။

**နွားချေးမြေဩဇာပြုလုပ်သုံးစွဲခြင်း**

နွားချေးမြေဩဇာမှာ သီးနှံပင်ကြီးထွားဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် အာဟာရဓာတ်များ အချိုးအစားညီမျှသော (နိုက်ထရိုဂျင် ၃ ရာခိုင်နှုန်း၊ ဖော့စဖရိတ် ၂ ရာခိုင်နှုန်း၊ ပိုတက်ရှ် ၁ ရာခိုင်နှုန်း – NPK 3–2–1)သဘာဝမြေဩဇာတစ်မျိုးဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

## ပန်းတောင်းမြို့နယ်၌ ပြည်မြို့မှ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသပေး



**ပန်းတောင်း မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဇရပ်လှတိုက်နယ်ဆေးရုံ၌ ပြည်မြို့ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီးမှ ညွှန်ကြားရေးမှူး (ဒုတိယဆေးရုံအုပ်ကြီး-တာဝန်ခံ) ဒေါက်တာကေသီဝင်းမောင်၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ယနေ့နံနက်က ဒေသခံပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်လျက်ရှိရာ အထွေထွေလူနာ ၁၃၄ ဦး၊ ခွဲစိတ်လူနာ ၁၅ ဦး၊ သားဖွားမီးယပ်ရောဂါလူနာကိုးဦး၊ ကလေးလူနာ ၁၅ ဦး၊ မျက်စိရောဂါလူနာ ၈၁ ဦး၊ သွားရောဂါလူနာ ၃၁ ဦး၊ အရိုးအကြောလူနာ ၉၄ ဦး၊ တီဗွီခါတ်မှန်ရိုက်လူနာ ၂၇ ဦးတို့အား အခမဲ့စမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ ရွာပတ်ချောင်းတူးဖော်နေမှု ကွင်းဆင်းကြည့်ရှု



**ချောင်းဆုံ မေ ၂၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ယနေ့နံနက်တွင် အဘစ်(နှီးမုတ်)ကျေးရွာ ရွာပတ်ချောင်း တူးဖော်နေမှုကို မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစောရှားထွန်းကျော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြပြီး အဆိုပါရွာပတ်ချောင်းတူးဖော်ခြင်းဖြင့် မိုးစပါးစိုက်လယ်ဧက ၄၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေး ရေနုတ်မြောင်း ခုနစ်ခုတူးဖော်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

## မရမ်းကုန်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ




**မရမ်းကုန်း မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ စန္ဒီမာခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမက(၁၇)၊ အလက(၅)နှင့် အထက (၂)တို့မှ ကျောင်းသား ကျောင်းသူလေးများက ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## ကျောက်တံခါးမြို့နယ်၌ မိုးရာသီ(အကြို) သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ကျောက်တံခါး မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၆ ခုနှစ် မိုးရာသီ(အကြို) သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က ဘိုင်းဒါးကြိုးဝိုင်း အကွက်အမှတ်(၉၇) ရန်ကုန်- မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၇၇/၇) အနီး၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ၂၄၅ ဦးတို့က ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ မန်ကျည်း၊ ကံ့ကော်နှင့် ခရေပျိုးပင်ပေါင်း ၁၂၁၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မျိုးမင်း(ပြန်/ဆက်)**



## စဉ့်ကူးမြို့နယ်၌ ပြည်သူများထံ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ထရန်စဖော်မာအသစ် တပ်ဆင်

**စဉ့်ကူး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ မြို့တွင်းနေ ပြည်သူများထံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများက အမှတ် (၂)ရပ်ကွက် ကွက်သစ်၊ အခြေခံပညာအထက်တန်းကျောင်းအနီးရှိ ထရန်စဖော်မာ အသစ်တစ်လုံးကို ယနေ့တွင် တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အမှတ် (၂)ရပ်ကွက် ကွက်သစ်ရှိ ထရန်စဖော်မာသည် နယ်မြေဒေသအခြေအနေအရ ပျောက်ဆုံးပျက်စီးခဲ့ခြင်းဖြစ်ပြီး ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းနေပြီဖြစ်၍ အများပြည်သူလျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးဝန်ထမ်းများက အသစ်ပြန်လည်တည်ဆောက်ပေးလျက်ရှိကြောင်းသိရသည်။ **တင်ဇာလွင်(ပြန်/ဆက်)**

## ဗဟန်းမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်မှုအန္တရာယ်ကာကွယ်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခိုင်ဆုရည်ဇော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်ဥပဒေအရာရှိနှင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်တို့က လူကုန်ကူးမှုဆိုင်ရာ တည်ဆဲဥပဒေများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ငွေကြေးလိမ်လည်မှုနှင့် ကိုယ်ရေးအချက်အလက် ခိုးယူခံရမှုများနှင့် အွန်လိုင်းအသုံးပြုရာတွင် သတိပြုလိုက်နာရမည့်အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

*စာမျက်နှာ ၁၆ မှ*

သို့သော် နွားချေးမြေသြဇာများတွင် အဆိပ်သင့်ဓာတ်ငွေ့ (အမိုးနီးယား)နှင့် အခြားအန္တရာယ်ရှိ အဆိပ်ဓာတ်ငွေ့များစွာ ပါဝင်သည့်အတွက် စနစ်တကျ သုံးစွဲတတ်မှသာလျှင် ထိရောက်မှုရှိနိုင်မည်ဖြစ်ပါသည်။ နွားချေးမြေသြဇာ ပြုလုပ်သုံးစွဲရာတွင် သတိထားရမည့်အချက် နှစ်ချက်မှာ –

(၁) နွားချေးမြေသြဇာတွင် အမိုးနီးယားနှင့် အခြားအန္တရာယ်ရှိ အဆိပ်ဓာတ်ငွေ့များစွာ ပါဝင်သည့်အတွက် မြေဆီလွှာအပူလောင်ခြင်းကို ဖြစ်စေသည်။

(၂) နွားချေးအစိုကို တိုက်ရိုက်အသုံးပြုမိပါက မြေဆီလွှာတွင် အန္တရာယ်ရှိအဏုဇီဝသက်ရှိများနှင့် ဗက်တီးရီးယားများ ပိုမိုပေါက်ပွားလာကာ အပင်ကို သေစေနိုင်သည်။

နွားချေးမြေသြဇာများ ပြုလုပ်သုံးစွဲရာတွင် သေချာဆွေးမြည့်နေစေရန် လိုအပ်သည်။ စားသုံးလိုက်သော အစားအစာများ (ကောက်ရိုး၊ မြက်အစရှိသည်)မှ ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း ၊ ဗီတာမင်၊ အဆီနှင့် အမျှင်ဓာတ်များပါဝင်သည်။ စားသုံးလိုက်သော အစာများမှ အချို့မှာ လုံးဝကြေပျက်၍ အချို့မှာ ကောင်းစွာမကြေပျက်နိုင်တော့ဘဲ နွားချေးနှင့်အတူ ရောပါလာသည်။ နွားချေးအစိုကို တိုက်ရိုက်သုံးစွဲမိပါက ၎င်းတွင်ပါဝင်သော နိုက်ထရိုဂျင်နှင့် အခြားဓာတ်များကြောင့် အမြစ်ကိုလောင်စေနိုင်သည်။

**နွားချေးမြေသြဇာအရည် ပြုလုပ်သုံးစွဲခြင်း**

အဆင့် (၁)။ နွားချေးကို အပိုင်းအစငယ်လေးများဖြစ်အောင် ခြေမွပေးရမည်။

အဆင့် (၂)။ ခြေမွထားသော နွားချေးအပိုင်း အစများကို ရေတွင်စိမ်ထား၍ မွှေပေးရမည်။

အဆင့်(၃)။ပုံးကိုအရိပ်တွင်ထား၍အုပ်ပေးထားရမည်။

အဆင့် (၄)။ သုံးရက်ကြာသောအခါ အညိုရင့်ရောင်ပြောင်းသွားမည်။ မုန်ညင်းဆီကြိတ်ဖတ်နှင့် ရောစပ်သုံးပေးနိုင်သည်။ သုံးရက်တစ်ကြိမ်နှုန်းဖြင့် နှစ်လကြာ မွှေပေးရမည်။

အဆင့် (၅)။ နှစ်လအကြာတွင် လုံးဝကြေမွ အချဉ်ပေါက်သွားမည်ဖြစ်ပါသည်။ အစပိုင်းတွင် အနံ့စူးရှရှရှိ၍ တဖြည်းဖြည်း အနံ့ပြယ်သွားမည်ဖြစ်သည်။ နှစ်လအကြာတွင် သုံးစွဲနိုင်မည်ဖြစ်၍ အသုံးပြုသည့်အခါ ပြင်းအားနည်းစေရန် ရေနှင့်ရောစပ်သုံးပေးရမည်။ ရေလေးဆနှင့် ရောစပ်သုံးစွဲပေးရမည်။ နွားချေးမြေသြဇာအသုံးပြုရာတွင် မြေမှာ ခြောက်သွေ့နေရမည်ဖြစ်ပြီး ပြင်းအားနည်းနည်းဖြင့် နှစ်လတစ်ကြိမ်သုံးပေးနိုင်သည်။

ယနေ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်သော တိုးပွားလာသည့် လူဦးရေအတွက် လုံလောက်သော စားရေရိက္ခာများကို အကျိုးရှိရှိထုတ်လုပ်နိုင်ရန် အလို့ငှာ (အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံး) ရေရှည်တည်တံ့၍ ပို၍အကျိုးရှိသော စိုက်ပျိုးရေးကို ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းများကို လျှော့ချအသုံးပြုပြီး ဇီဝပစ္စည်း၊ သဘာဝပစ္စည်းများကို ပိုမိုအသုံးပြုပေးသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာတွေ့ဆုံဆွေးနွေး

**ထားဝယ် မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်သော ဥပဒေအရာရှိများအတွက် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းကို မေ ၂၉ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ် ဦးထိန်လင်းကျော်က ဥပဒေ အရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဥပဒေအရာရှိများအား ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာ မေးမြန်းခြင်းကို ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအရာရှိများအား တိုင်းဒေသကြီးဥပဒေအရာရှိ ကျင့်ဝတ် ကြီးကြပ်ရေးအဖွဲ့က မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးမှ လူငယ်ကင်းထောက်မောင်မယ်များ လေ့လာရေးခရီးစဉ်များ ပို့ဆောင်



**ပဲခူး မေ ၂၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မေ ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)မှ ကင်းထောက်လူငယ် ၆၀၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)မှ ကင်းထောက်လူငယ် ၆၀၊ အုပ်ချုပ်သူနည်းပြ ဆရာ ဆရာမနှင့် ကျန်းမာရေးစောင့်ရှောက်သူများဖြင့် ပဲခူးမြို့နှင့် ပြည်မြို့သို့ သက်ဆိုင်ရာစုရပ်များမှ လေ့လာရေးခရီး စတင်ပို့ဆောင်ပေးခဲ့သည်။

ကင်းထောက်လူငယ် ၆၀ တို့သည် ပဲခူးမြို့ရှိ ဝဂ်ဘော်ဆင်စခန်း၊ ရွှေသာလျောင်းဘုရား၊ မဟာစေတီဘုရား၊ မိုးယွန်းကြီးအင်း၊ ရွှေမော်ဓော စေတီ၊ ဟင်္သာကုန်းဘုရား၊ စိန်သာလျောင်းဘုရား၊ ရွှေအောင်ရွှေးဘုရား၊ ကမ္ဘောဇသာဒီနန်းတော်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်၊ ကျိုက်ပွန်လေးမျက်နှာဘုရား၊ ရွှေဂူကြီးဗုဒ္ဓဂါယာဘုရား၊ ကျိုက်ဒေးအပ်ဘုရား၊ ကျိုက်ပညာယျဘုရား၊ ဘုရင့်နောင်ရုပ်တုနှင့် ပဲခူးတက္ကသိုလ်တို့ကို လေ့လာခဲ့ကြပြီး မေ ၂၉ ရက်က ပဲခူးမြို့မှ ပြည်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကော့သောင်းမြို့နယ်၌ ပြောင်းလဲလာသော ရာသီဥတုနှင့်လိုက်လျောညီထွေသော စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာပေး သင်တန်းဖွင့်

**ကော့သောင်း မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန



(၁၀)မိုင် ဥယျာဉ်ခြံတွင် ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းကို မေ ၂၆ ရက်က ပြုလုပ်သည်။

အဆိုပါ သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန (၁၀)မိုင် ဥယျာဉ်ခြံဦးစီးမှူး ဒေါ်ရီရီစိန်က ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးအကြောင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြေဆီလွှာသီးနှံစီမံခန့်ခွဲခြင်းနှင့် အခြေခံရမည့်အချက်များ၊ သီးနှံပုံစံအမျိုးအစားများနှင့် သီးနှံအလိုက် စိုက်ပျိုးရမည့်နည်းလမ်းများ စသည့်အကြောင်းအရာများကို ရှင်းလင်းပို့ချခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ သစ်စိမ်းမြေဩဇာထယ်ထိုးမြေမြှုပ်ခြင်း တောင်သူပညာပေးကွင်းသရုပ်ပြ

**ပွင့်ဖြူ မေ ၂၀**

မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)တို့ ပူးပေါင်း၍ တောင်သူများ သီးနှံစိုက်ပျိုးစွမ်းအား သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးမြေမြှုပ်ခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယမန်နေ့က မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ)ရှိ မျိုးစေ့ထုတ်စိုက်ကွက်၌ ကျင်းပသည်။



ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး ဦးငွေဆန်းနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများကို သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) လက်တွေ့ထယ်ထိုး မြေမြှုပ်ခြင်းနည်းစနစ်များကို ကွင်းသရုပ်ပြသဆောင်ရွက်ခဲ့ကြပြီး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



## မအူပင်မြို့၌ အဓိကသီးနှံများအတွက် စိုက်ပျိုးရေးနည်းပညာပေး

**မအူပင် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး စိုက်ပျိုးရေးနည်းပညာပေးအခမ်းအနားကို မေ ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မင်းက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းမြေအသုံးချရေးတာဝန်ခံ၊ ပုသိမ်ခရိုင် မြေအသုံးချရေးတာဝန်ခံ၊ တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံနှင့် တိုင်းမျိုးစေ့တာဝန်ခံတို့က ဖြုတ်ပိုးနှင့်ရွှေခရုကြိုတင်ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၊ သဘာဝ ဓာတ်မြေဩဇာပြုလုပ်နည်းများနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ရေး နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## သထုံမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**သထုံ မေ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်၌ "ဒေသဖွံ့ဖြိုးရေး " ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဘင်လှိုင်ရပ်ကွက် သထုံခရိုင်ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်လေးမိုးသူတို့က အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပြည်သူ့စကားဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး၊ အသိ



ဉာဏ် ဖွံ့ဖြိုးရေးနှင့် လူမှုဝန်းကျင်ဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## နေပြည်တော်... 

## နေဖြူမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ



**နေဖြူ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး နေဖြူမြို့နယ်၌ ၂၀၂၆– ၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယမန်နေ့က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ မေ ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသိန်းဝင်းနိုင်နှင့် ရေဖြူမြို့မရဲစခန်းမှူး ဒုရဲမှူးနိုင်စိုးတို့က သက်ငယ်မုဒိမ်းဖြစ်စဉ်များ၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာများ၊ အွန်လိုင်းလောင်းကစားလိမ်လည်သူများ စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောစဉ်။

**မြို့နယ်(ပြန်/ဆက်)**

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ၂၀၂၆ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင် ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီး ဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ထားဝယ်မြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး



**ထားဝယ် မေ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ထားဝယ်ခရိုင်ဘဏ်ခွဲ၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးခြင်း အခမ်းအနားကို မေ ၂၅ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမောင်ကြီးက ဈေးကွက်အတွင်း အရည်အသွေးပြည့်မီသော၊ ထွက်နှုန်းကောင်းမွန်သော စပါးများ ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ရပ်ကွက်/ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ တောင်သူ ၂၃ ဦးအား ချေးငွေကျပ် ၄၀၂ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်



**နေပြည်တော် မေ ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မေ ၂၈ ရက်က အောင်သုခကျေးရွာရှိ စက်မြိုင်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ထုတ်ချေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို အသင်းသား အသင်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ နွေနှမ်းပေါင်ကြီးတင် စိုက်ပျိုးနည်းစနစ်ဖြင့် မျိုးစေ့ထုတ်စိုက်ခင်း ကွင်းသရုပ်ပြ



**ပွင့်ဖြူ မေ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ နွေနှမ်းပေါင်ကြီးတင် စိုက်ပျိုးနည်းစနစ်ဖြင့် မျိုးစေ့ထုတ်စိုက်ခင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို မေ ၂၉ ရက်က ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)ရှိ အဆိုပါမျိုးစေ့ထုတ် စိုက်ကွက်၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးငွေဆန်းနှင့် တာဝန်ရှိသူများက ပွင့်ဖြူ(မျိုးသန့်ခြံ)၌ စိုက်ပျိုးထားရှိသော နွေနှမ်းပေါင်ကြီးတင် စိုက်ပျိုးနည်းစနစ်ဖြင့် မျိုးစေ့ထုတ်စိုက်ခင်းကို တောင်သူပညာပေးကွင်းသရုပ်ပြသရာ တက်ရောက်လာသည့်ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများက ကြည့်ရှုလေ့လာခဲ့ကြပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နှမ်းအထွက်တိုး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ၈ မိုင်ကျေးရွာ ရွာတွင်းလမ်းအပိုင်းပေါ်ရှိ ပျက်စီးနေသော ရေထုတ်ပြွန်ကို ကျောက်ကြီးစီကမ်းကပ်ခုံသံကူကွန်ကရစ်ကြမ်းခင်း Box Culvert နှစ်စင်းအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို မေ ၂၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

## RefresherTraining for MMCWA Volunteer on MNCH and GBV သင်တန်းဖွင့်ပွဲကျင်းပ

**မအူပင် မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ မေ ၂၈ ရက်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း HI–MNCH Project မှ Refresher Training for MMCWA Volunteer on MNCH and GBV သင်တန်းဖွင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကက အမှာစကားပြောကြားသည်။



ထို့နောက် သင်တန်းသား သင်တန်းသူများအား နည်းပြဆရာ ဆရာမများက သင်တန်းပို့ချသင်ကြားခဲ့သည်။ ဆက်လက်၍ အဆိုပါအဖွဲ့သည် မအူပင်မြို့နယ်အသင်းပိုင် သားဖွားခန်းသို့ရောက်ရှိပြီး သားဖွားခန်းအား ကြည့်ရှုစစ်ဆေး၍ သားဖွားခန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး

**ထန်းတပင် မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ မေ ၂၉ ရက်က အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံဆောင်ရွက်နေသော အခွန်များအကြောင်းကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**စက်ရုံလွှင့်ထုတ် လေညစ်ပုပ်**
**တောတွင်းသစ်ပင် အကုန်စုပ်**
**တို့တွေရှူသွင်း လေသန့်ရှင်း**
**မခြွင်းရမှာ တောကသာ**

# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသားနှင့်ပေါင်းသင်းနေထိုင်စေပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၃၀**

လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်နေ မလပြည့်ဝန်းဆိုသူအား တရုတ်နိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်စေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ချစ်ပိုပိုစိုး (ခ) ဝမ်ရီ (၂၂)နှစ် (ဘ) ဦးစိုးလွင် တိုက်(၄) အခန်း(၄၀၁) ကျန်စစ်မင်းအိမ်ရာ ရာဇကုမာရလမ်း အမှတ်(၈)ရပ်ကွက် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နေသူသည် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်နေ မလပြည့်ဝန်းဆိုသူအား တရုတ်အမျိုးသားနှင့် လက်ထပ်ပါက တင်တောင်းငွေ ကျပ်သိန်း ၂၅၀ ခန့်ရရှိမည်၊ လစဉ်ငွေကျပ် ၁၀ သိန်း ရရှိမည်ဟုပြောဆိုစည်းရုံး၍ ချိုက်မင်ဝေး (တရုတ်နိုင်ငံသား)(၃၃)နှစ် သံရည်ကျိုစက်ရုံလုပ်သား ဟူပေ့ပြည်နယ် တရုတ်နိုင်ငံနေသူနှင့် မကျဲကျဲ(ခ)ဟွမ်လုံဖန်း(ချိုက်မင်ဝေး၏အစ်မ)တို့နှင့် မိတ်ဆက်ပေးပြီး တင်တောင်းငွေကျပ်သိန်း ၂၅၀ နှင့် လစဉ်ထောက်ပံ့ကြေး ငွေကျပ် ၃ သိန်းပေးမည်ဟုပြောကာ ငွေကျပ် သိန်း ၆၀ ပေးအပ်၍ ကျန်ငွေများအား တရုတ်နိုင်ငံသို့ လိုက်ပါမည့်အချိန်မှသာ ပေးမည်ဟုပြောခဲ့ကြောင်း၊ မင်္ဂလာဆွမ်းကျွေးကာ ကျောက်တံတားခရိုင်တရားရုံး၌ လက်မှတ်ရေးထိုးပြီး ငွေကျပ်သိန်း ၆၀ ထပ်မံပေးခဲ့ကြောင်း။

ချိုက်မင်ဝေး(တရုတ်နိုင်ငံသား)သည် မလပြည့်ဝန်းနှင့်အတူ ပေါင်းသင်းနေထိုင်စဉ် လက်ထပ်ယူရန် ယွမ် ၈၀၀၀၀ ခန့်ကုန်ကျခံ၍ ချစ်ပိုပိုစိုး(ခ)ဝမ်ရီထံပေးခဲ့ရသည်ဟု ပြောဆိုခဲ့ကြောင်း၊ မလပြည့်ဝန်းသည် ချိုက်မင်ဝေး(တရုတ်နိုင်ငံသား)နှင့်အတူ တရုတ်နိုင်ငံသို့ထွက်ခွာရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိစဉ် တာဝန်ရှိသူများ၏ စစ်ဆေးခြင်းခံရကြောင်းစိစစ်သိရှိရသဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ လှိုင်သာယာ (အရှေ့ပိုင်း) မြို့မရဲစခန်း(ပ)၅၅၀/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မေ ၂၉ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ တရားခံချစ်ပိုပိုစိုး (ခ) ဝမ်ရီနှင့် တရုတ်နိုင်ငံသား Mr. CAI MINGWE (ချိုက်မင်ဝေး) တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မကျဲကျဲ(ခ) ဟွမ်လုံဖန်းကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ရန် စီစဉ်ထားကြောင်း သိရသည်။

အလားတူ မျိုးမင်းထွန်း (ခ)ဖိုးသား (၄၂)နှစ်၊ (ဘ)ဦးတင်ထွေး ဇမ္ဗူရတနာလမ်း ဖော့ကန်ရပ်ကွက် အင်းစိန်မြို့နယ်နေသူက အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အမှတ်(၁၉၈၄၂) အဆောင်နေအသက် (၁၁)နှစ်အရွယ်ရှိ ယောကျ်ားလေးတစ်ဦးကို ငယ်ရွယ်ပြီး အသိဉာဏ်ဖွံ့ဖြိုးမှုမရှိခြင်းအပေါ် အခွင့်ကောင်းယူကာ ငွေကြေး၊ လက်ဆောင်ပစ္စည်းများဖြင့် မက်လုံးပေးစည်းရုံး၍ Sex Video ရိုက်ကူးကာ Video ဖိုင်များကို ကျပ်သိန်း ၆၀ ကျော်ခန့်ဖြင့် ရောင်းစားခဲ့ပြီး ရရှိသည့် ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အင်းစိန်မြို့မ ရဲစခန်း(ပ)၉၃/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မေ ၂၉ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ တရားခံမျိုးမင်းထွန်း(ခ)ဖိုးသားကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်(၂၀) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**













ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ၌ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။













❑ *ကျောဖုံးမှ*

ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၃၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၂၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၈၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၁၈ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

❍ *ကျောဖုံးမှ*

ဖွန်ဆီကာသည် ဂျိုကိုဗစ်ကို အနိုင်ရရှိရန် ၄ နာရီနှင့် ၅၃ မိနစ်ကြာ ယှဉ်ပြိုင်ကစားခဲ့ရကြောင်း သိရသည်။ ၎င်းသည် အဓိကပြိုင်ပွဲတွင် ဂျိုကိုဗစ်ကို အနိုင်ရရှိသည့် ပထမဆုံးဆယ်ကျော်သက်တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ ကျင်းပခဲ့သည့် အီတလီအိုးပင်းပြိုင်ပွဲတွင် ၆၄ ဦးအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့သည်။

ဖွန်ဆီကာသည် ပြင်သစ်အိုးပင်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ စတုတ္ထအဆင့်တွင် နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကပ်စပါရုဒ်သည် တတိယအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား တွန်မီပေါလ်ကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၄-၆၊ ၆-၇ (၄-၇)၊ ၆-၄၊ ၇-၆ (၇-၄)၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ စတုတ္ထအဆင့် တက်လှမ်းလာသူဖြစ်သည်။

ဖွန်ဆီကာ၊ ကပ်စပါရုဒ်တို့အပြင် ပြင်သစ်အိုးပင်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ စတုတ္ထအဆင့်သို့ မန်းဆစ်ခ်၊ ရူဘလက်ဗ်၊ ဂျိုဒါ၊ ကာရင်နို၊ ဇီဗာရက်ဗ်၊ ဒီဂျောင် စသည့် နာမည်ကြီးတင်းနစ်ကစားသမားများ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

**အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## လက်ပံတန်း၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**လက်ပံတန်း မေ ၃၀**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ ရက်က အထက (၁)နဝဒေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်က ကျောင်းသား ကျောင်းသူများကို ပညာရေးရည်မှန်းချက် ဆောင်ရွက်မှု ကိစ္စရပ်များအား ရှင်းလင်းပြောကြားပြီး ကျောင်းအပ် လက်ခံဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

မြို့နယ် (ပြန်/ဆက်)



## ကျိုက်မရော၌ မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းပညာပေးဟောပြော

**ကျိုက်မရော မေ ၃၀**
မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းပညာပေးဟောပြောပွဲကို မေ ၂၉ ရက်က ခနောင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်းက မူခင်း ကြိုတင်ကာကွယ်ရေးနှင့် မူခင်းပညာပေး အကြောင်းအရာများဖြစ်သည့် လူသတ်မှု၊ မုဒိမ်းမှု ဖြစ်ပွားသည့် အကြောင်းအရာများကို ပညာပေးဟောပြောသည်။



ယင်းနောက်တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးခွန်းများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး အခမ်းအနား တက်ရောက်လာသူများအား မူခင်းပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျိုက်မရော (ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ် အရှေ့ငယ်တိုးကျေးရွာ၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**ကျောက်ဆည် မေ ၃၀**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အရှေ့ငယ်တိုး ကျေးရွာဘက်စုံသုံးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သန်းက အမှာစကားပြောကြားသည်။



ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းအား ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ မြို့နယ် မြေစာရင်းဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတို့က ဌာနအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ



**ရန်ကုန် မေ ၃၀**
အင်းစိန်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်က အင်းစိန် အ.ထ.က(၁) ရွှေဝတီခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်လင်း (ခ) ဦးနေလင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများက ပန်းဥယျာဉ်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့်သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။ **ဉာဏ်လင်း**



## ကျိုက်ထိုမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ကျိုက်ထို မေ ၃၀**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကို မေ ၂၉ ရက်က ဇေယျာမွန်ရပ်ကွက်ဓမ္မာရုံ၌ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စွာဦးက မူခင်းကျဆင်းရေး အသိပညာပေးများကို ဟောပြောပြီး မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့သည်။

ပြည့်ဖြိုး(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်စိုးဟန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို မေ ၃၀ ရက်က စက်ရုံအလုပ်ရုံများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများကို ကွင်းဆင်းစစ်ဆေးစဉ်။ စိုးကြီး(ပြန်/ဆက်)



ပြည်တွင်းအခွန်များဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီထွေးဦးက မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြမှု ပြုလုပ်ခြင်းကို မေ ၂၉ ရက်က အဆိုပါရုံး၌ ဆောင်ရွက်စဉ်။

မင်းထက်အောင် (မန်းကိုယ်ပွား)




## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေ သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ် ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## လူပျောက်ကြော်ငြာ



စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက် (၁)လမ်းရှိ အောင်သစ္စာကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သော (ဘ)ဦးဝင်းလှိုင်၏သား ကိုရင် အရှင်ဇဝနသည် (၂၆-၅-၂၀၂၆)ရက် နံနက် ၆ နာရီ ဆွမ်းခံသွားရာမှ ကျောင်းသို့ ပြန်လည်ရောက်ရှိလာခြင်း မရှိဘဲ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးနိုင်ပါရန်နှင့် တရားမဝင်ထိန်းသိမ်းထားသူများအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်စန္ဒာဝင်း
ဖုန်း-၀၉-၄၄၁၈၅၄၅၁၁၊
၀၉- ၇၅၅၅၇၁၁၃၈

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ တိုက်(၉၁/ခ)၊ စေတနာသုခကွန်ဒို၊ စေတနာသုခလမ်း၊ (၃)ရပ်ကွက်တွင်နေထိုင်သော ဦးဖြိုးမြင့်စံ (၁၂/ကမရ(နိုင်)၀၆၇၃၂၈)နှင့် ဒေါ်အိပြည့်ဖြိုးဇော်(၁၂/ကမရ(နိုင်)၀၅၈၅၉၄ တို့သည် ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ကြပြီး (၂၉-၅-၂၀၂၆ )ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးပြီဖြစ်ပါကြောင်းနှင့် လက်ထပ်ပွားပစ္စည်းများအား ထက်ဝက်စီခွဲဝေယူပြီးဖြစ်ပါသောကြောင့် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးသည့် ရက်မှစတင်ကာ တစ်စုံတစ်ရာပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့၌ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဖြိုးမြင့်စံ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝါဝါဝင်းသူ (စဥ်-၅၅၀၁၉)
ဒေါ်ယဉ်သူဇာ (စဥ်-၅၆၄၁၆)
ဒေါ်စုမြတ်မြတ်သော်(စဥ်-၅၇၀၂၅)
အထက်တန်းရှေ့နေများ
အမှတ်-၅ (ဘီ)၊ သမာဓိ(၂)လမ်း၊ ဆ/ကရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၅၀၁၄၈၃၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ ဝရဇော(၆)လမ်း၊ မြေကွက်အမှတ်(၆၅၇/ခ)၊ အကျယ်အဝန်း(၂၀ပေ × ၆၀ပေ) ရှိ ဒေါ်သိန်းကြည် (၁၂/ဥကတ (နိုင်) ၀၆၀၄၂၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူအမည်ပေါက်ပိုင်ရှင် ဒေါ်သိန်းကြည်ထံမှ ကျွန်မ ဒေါ်သက်မာအေး (၁၂/လသန (နိုင်) ၀၁၉၇၇၈)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သက်မာအေး (၁၂/လသန (နိုင်) ၀၁၉၇၇၈)
၀၉- ၅၅၅ ၁၆၆၈

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၁၇)လမ်းသွယ်၊ အမှတ်(၉၁၁/ခ)အကျယ်အဝန်းပေ(၁၀ပေX၆၀ပေ) ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ ဒေါ်ခင်စန်းရီ(၁၂/သဃက(နိုင်)၀၈၉၁၆၈)က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသဖြင့်ဒေါ်သီတာရွှေ(၁၂/တမန(နိုင်)၀၀၈၈၆၅)မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာရွှေ ၁၂/တမန(နိုင်)၀၀၈၈၆၅
အမှတ်-၁၂၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၅၀၃၄၅၈၇၊ ၀၉-၂၅၉၃၁၈၄၁၉

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒိုအိမ်ရာ ရှိ တိုက်ခန်းအား အမည်ပေါက်မိခင် ထံမှ သမီးဖြစ်သူမှ ဝယ်ယူပြီး အမည်ပြောင်းလျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်ခန်းလိပ်စာ |
|---|---|---|---|
| ၁ | ဒေါ်ဘေဘီ(ခ) ဥမ္မာခင် ၁၂/ဗတထ(နိုင်)၀၂၇၂၇၀ (မှ) | ဒေါ်ဥမ္မာထွေး ၁၂/ဗတထ(နိုင်)၀၂၇၂၈၇ | တိုက်(D)၊ အခန်း(15-06) နှင့် တိုက်(E)၊ အခန်း(17-05)၊ ပုလဲကွန်ဒိုအိမ်ရာ၊ ဗဟန်းမြို့နယ်။ |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/9252, NISSAN SUNNY-N 17, SALOON (4X2)အမည်ပေါက်သူ ဦးကျော်ကျော်လွင် ၁၄/မမန(နိုင်)၁၆၂၇၄၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့် ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၀)၊ ပဲခူးမြစ်လမ်း၊ မြေကွက်အမှတ် (၄၃၇+၄၃၈)၊ အကျယ်အဝန်း (၈၂ပေ × ၆၀ပေ)ရှိ ဦးကျော်ကျော်ဦး (၁၂/ဒရန (နိုင်) ၀၈၉၉၀၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးကျော်ကျော်ဦး ထံမှ ကျွန်တော် ဦးထွန်းမြတ်အောင် (၁၂/မရက (နိုင်) ၁၄၂၀၂၁)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းမြတ်အောင် (၁၂/မရက (နိုင်) ၁၄၂၀၂၁)
၀၉- ၅၁၀ ၆၁၄၄

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## သားအဖြစ်မှအမွေပြတ်အပြီးတိုင်စွန့်လွှတ်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ တောင်ဘက်ပိုင်းရပ်ကွက်၊ တိုးချဲ့ (၃)လမ်းနေ ဦးခင်ဝင်း-ဒေါ်ခင်မာချိုတို့၏သားဖြစ်သူ မောင်ဝင်းညီညီ ၁၂/ကခက(နိုင်)၁၂၅၆၂၃ သည်မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိသားစုအားအကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှအပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို မိဘများမှလုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးခင်ဝင်း-ဒေါ်ခင်မာချိုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးဇာမွန် LLB
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၆၇၉)
ဖုန်း-၀၉-၇၉၉၉၇၆၆၃၀
ဒေါ်ရတနာစိုးမိုး LLB
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၇၅၄)
ဖုန်း-၉၀-၇၉၄၃၆၀၄၇၂
ဒေါ်ဖြိုးသူဇာ LL.B
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၆၄၅)
ဖုန်း-၀၉-၄၂၀၁၉၆၉၀၅

## ဘုတ်ပြင်းမြို့နယ်၌ ကော်ဖီ၊ ကိုကိုး၊ ဥယျာဉ်ခြံပျိုးပင်နှင့် သီဟိုဠ်မျိုးစေ့များ ပေးအပ်



ဘုတ်ပြင်း မေ ၃၀

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီ၊ ကိုကိုး၊ ဥယျာဉ်ခြံပျိုးပင်များနှင့် သီဟိုဠ်မျိုးစေ့ ပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သပြေခန်းမ၌ ပေးအပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးညွန့်ဝင်းက ပျိုးပင်နှင့် မျိုးစေ့များ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ငါးစုမှ ဥယျာဉ်ခြံစိုက်တောင်သူများအား ကော်ဖီ ၂၃ ဧကအတွက် ပျိုးပင် ၂၂၂၀၀၊ ကိုကိုး ၁၂ ဧကအတွက် ပျိုးပင် ၅၀၀၀၊ ဒူးရင်းသုံးဧကအတွက် ပျိုးပင် ၁၀၀၊ သရက်တစ်ဧကအတွက် ပျိုးပင် ၂၅ ပင်နှင့် သီဟိုဠ် ဧက ၂၀ အတွက် မျိုးစေ့ထုတ် ၂၀ ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် - အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး - ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

## မွေးသက္ကရာဇ်မှန်

ဒက္ခိဏသီရိမြို့နယ်၊အထက (၁၉)တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်အမာတင် (အထက်တန်းပြ) ၉/ပမန (နိုင်)၀၇၉၉၁၈၏ မွေးသက္ကရာဇ်အမှန်မှာ (၂-၈-၁၉၆၅)အမှန် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်တွင်နေထိုင်သော(ဘ)ဦးထွန်းဝေ၏ သားဖြစ်သူ ရန်နိုင်ထွန်း(ခ)ရန်နိုင်စိုး ၁၃/နဆန (နိုင်)၀၂၄၅၀၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရန်နိုင်စိုး(ခ)ဦးရန်နိုင်ထွန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ၊ ကျောက်တန်းမြို့နယ်၊ သန်လျင်-ကျောက်တန်းလမ်းမကြီး၊ မြိုင်သာယာအိမ်ရာ Shop House၊ တိုက်အမှတ် (A)၊ အခန်းအမှတ်(၁၁)ကို မူလအမည်ပေါက် ဒေါ်ချယ်ရီလွင် ၁၃/တကန(နိုင်)၀၆၈၅၃၄ ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးဝေအောင်လတ်(ခ)ရန်နောင်လတ် ၁၂/ကတန(နိုင်)၀၇၈၁၇၉ က ၎င်း၏အမည်သို့ ပြောင်းလဲ၍ တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် (Owner Book) ထုတ်ယူခွင့်ပြုပါရန် ဌာနသို့ တင်ပြလျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့(၂)ရပ်ကွက်၊ အေးမေတ္တာ၊အမှတ်-၃၆၉၊ အလျား ပေ၄၀ Xအနံ ပေ၆၀ ရှိ ခြံမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်သော ဦးမြင့်အောင်(၁၂/ကမရ (နိုင်)၀၂၆၅၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု၊ စာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းအိစံ(LL.B)အထက်တန်းရှေ့နေ( စဉ်-၄၇၂၁၂ )**
**PH: 09-661440173**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်-၂၁၀၃၃ နေ ဦးဝင်းမင်းလင်း(၁၂/မဂတ (နိုင်)၀၈၅၂၆၀) (ဘ) ဦးငွေထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝင်းမင်းလင်းသည် ဇနီးဖြစ်သူ ဒေါ်မြတ်ရည်မွန်နှင့် ၂၀၁၆ ခုနှစ်၌ ရန်ကုန်မြို့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်း နေထိုင်ခဲ့ကြပြီး၊ သမီးဖြစ်သူ မကေရီဝင်းအား ထွန်းကားခဲ့ပါသည်။ ဒေါ်မြတ်ရည်မွန် အပေါ်တွင်လည်း လင့်ဝတ္တရားငါးပါးနှင့်အညီ ခင်ပွန်းကောင်းပီသစွာ လူမှုပတ်ဝန်းကျင်တွင် မျက်နှာမငယ်အဆင့်အတန်းရှိစွာ၊ လိုလေသေးမရှိနေထိုင်စေပြီး ပေါင်းသင်းဆက်ဆံနေထိုင်ခဲ့ပါသော်လည်း ဒေါ်မြတ်ရည်မွန်သည် ခင်ပွန်းဖြစ်သူ ဦးဝင်းမင်းလင်း၏ ပြောဆိုလမ်းညွှန်မှုများအား နားမထောင်ဘဲ အကြိမ်ကြိမ်အခါခါ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအားပြုလုပ်၍ (၃၀-၁-၂၀၁၆) ရက်တွင် ခင်ပွန်းဖြစ်သူ ဦးဝင်းမင်းလင်းအား အသိပေးခြင်းမရှိဘဲ နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ အထက်ပါနေအိမ်မှ ဆင်းသွားသည့်ရက်နောက်ပိုင်း ဒေါ်မြတ်ရည်မွန်၏ ပြုလုပ်ပြောဆို ဆောင်ရွက်ချက်များဖြစ်သော ကိုယ်ရေးကိုယ်တာကိစ္စရပ်များ။ ငွေရေးကြေးရေး ကိစ္စရပ်များသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းမင်းလင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း၊ ဒေါ်မြတ်ရည်မွန်ကိုယ်တိုင်ပြုလုပ် ဆောင်ရွက်သော ကိစ္စအဝဝတို့ကိုလည်း လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B, D.B.L,D.I.PL)** | **ဒေါ်မိုးမီမီခိုင် (LL.B, D.B.L,D.I.P.L)** |
| **(စဉ် - ၅၃၃၆၉)** | **(စဉ် - ၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊(ဘားလမ်း)၊ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၅၆၇၇၆၁၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/55282, YAMAHA FZ- 150A ယာဉ်လက်ဝယ်ရှိသူ ဦးသက်အောင် ၉/မထလ(နိုင်) ၂၀၉၂၄၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/8737, KENBO-110 , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိဖြူခိုင် ၈/ပခက(နိုင်) ၂၆၄၄၆၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ညောင်ဦးမြို့နယ်၊ အမှတ်(၁) သာယာဝတီအရှေ့ရပ်၊ အိမ်အမှတ် (၁၄၄)နေ ဦးစိုးနိုင် ၉/ညဥန(နိုင်)၁၉၉၁၄၅ နှင့် ဒေါ်သန်းအေး ၉/ညဥန(နိုင်) ၁၀၈၈၇၀ တို့၏သား မောင်ထွန်းထွန်းနိုင် ၉/ညဥန(နိုင်)၁၈၇၃၄၄ သည် မိဘတို့၏ သွန်သင်ဆုံးမမှုကို လိုက်နာမှုမရှိပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သန်းအေး**
**၉/ ညဥန(နိုင်)၁၀၈၈၇၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-5G/9848, SKAT LFJ3/00G, D/T(4X4)L ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၇/ပတန(နိုင်) ၀၇၉၃၁၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ဝမ်းတွင်းမြို့၊ အမှတ်(၂)၊ တံတားဦးရပ်ကွက်ရှိ အရှေ့အနောက် (၇၇) ပေ၊ တောင်မြောက် ပေ (၂၀)မြေကွက်တွင် ဦးရန်ရှင်းကျော်(၉/ဝတန(နိုင်)၁၄၅၇၈၃)မှ အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း ပိုင်ဆိုင်မှုအထောက်အထားများစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရန်ရှင်းကျော်(၉/ဝတန(နိုင်)၁၄၅၇၈၃)၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထိုက်ထိုက်စိုး ( LL.B, D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၈၂)**
**ဝမ်းတွင်းမြို့၊ ဖုန်း-၀၉-၅၁၃၁၈၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၁၃၂၁)၊ (အလျား ပေ ၄၀Xအနံပေ ၆၀ )ရှိ ဦးကျော်အောင်(CE-၀၄၅၄၄၀)အမည်ပေါက် မြေချပါမစ်အမျိုးအစား ဟုခေါ်တွင်သော မြေကွက်နှင့် ပါမစ်မူရင်းစုံ(၄)ရွက်၊ အဆက်စပ်စာချုပ်စာတမ်းမူရင်းများ အပါအဝင် ၎င်းမြေနှင့်ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစန်းလင်းထွန်း (၁၂/ဒဂတ (နိုင်)၀၃၈၇၅၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ဇင်မွန်သိမ့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၀၅)**
**အမှတ်(၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/ အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၀၂၅၆၉၀၆၊ ၀၉-၄၅၁၁၆၇၆၈၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်)၊ လူနေရပ်ကွက်အမှတ်- ဝန်ထမ်းအိမ်ရာ၊ လမ်းသွယ်(၁)လမ်း၊ မြေကွက်အမှတ်(၂၂၇)၊ အိမ်အမှတ်(၂၂၇)၊ မြေပေအကျယ် ဧရိယာ(၀.၀၆၀)ဧက၊ စတုရန်းပေ(၂၆၂၄)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ဝယ်ထားရှိသူ ဒေါ်ခင်မမကြီး (၁၂/သကတ(နိုင်)၀၃၇၇၄၁)က ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်ပျဉ်ထောင် နေအိမ်အဆောက်အအုံအပါအဝင်ကို မိမိသာတရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိ၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**

| | |
|---|---|
| **ဒေါ်ခင်ခင်ဝါ (LL.B, LL.M,D.B.L,D.I.P.L)** | **ဦးနိုင်ဝင်းရှိန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၂၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၂၉)** |
| **ဖုန်း - ၀၉-၄၄၄၃၉၂၈၂၈** | **ဖုန်း - ၀၉-၄၂၀၂၆၀၅၅၉** |

**အမှတ်(၆၅၆/က)၊ ရွှေအုတ်ဂူ(၆)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၅)ရပ်ကွက်၊ မြခေမာ(၂)လမ်း၊ မြေကွက်အမှတ်(၄၆၆/ခ) ဟုခေါ်တွင်သော မြေအလျားXအနံပေ(၂၀'x၆၀')ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေအလျား အနံ(၁၀'x၆၀')ပေရှိ မြေချပါမစ်မူရင်း မြေကွက်နှင့်နေအိမ် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင်မြေချပါမစ်မူရင်းအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ငွေရင် (ISN-၁၇၀၂၈၀) ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အိသဇင်အောင်(၆/ပလန(နိုင်)၀၆၅၃၀၉)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ ဒေါ်တင်တင်ဝင်း (၁၂/မရက(နိုင်)၀၀၉၉၅၃) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာမြို့နယ်နေ ကျွန်တော် ဦးမြင့်ဇော်ဦး (၁၂/ဥကတ(နိုင်)၁၃၆၆၆၅)နှင့် ဒေါ်အောင်မြင့်ရီ (၁၂/ဥကတ(နိုင်)၀၄၃၉၂၄)တို့၏သား မောင်ဇေယျာမောင် ၁၂/ဥကတ(နိုင်)၂၀၅၆၀၇ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှစ်ပါးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ် မှ စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် လူမှုရေး၊ ငွေရေးကြေးရေးပြဿနာများကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ဇော်ဦး၊ ဒေါ်အောင်မြင့်ရီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေလင်းယုန်လမ်း၊ အမှတ်(၆၀၂/ခ) အလျား ၁၁ ပေ x အနံပေ ၆၀ ရှိ ရေ၊ မီးစုံရေစက်ပါ အိမ်နှင့်ခြံမြေ၏အကျိုးခံစားခွင့်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကေသီအောင် ၁၂/အစန(နိုင်)၀၆၆၁၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်စိန် ၈/နမန(နိုင်)၂၈၄၇၃၄၊ ဒေါ်မြသက်မွန် ၈/နမန(နိုင်)၁၃၉၄၉၅ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်စိုးဝေ(LL.B, LLM) အထက်တန်းရှေ့နေ(စဉ်-၅၃၆၂၇)**
**အမှတ်(၆၇၂)မင်းစေတီလမ်း၊ ရွာမအနောက်၊ အင်းစိန်၊ Ph-09-268308257, 09-5079721**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၅၂/ဗမာရွာရပ်)၊ ဦးပိုင်အမှတ်(၇၆/က)၊ ဧရိယာ(၀.၁၁၀)ဧက၊ မြေငှားဂရန်အမှတ်အမှတ်၊ ၂၀၃-၅/၂၀၁၁-၂၀၁၂(အေ) ဦးမဟော့ရှ်ကူးမားရ် ၁၃/လရန(နိုင်)၀၈၄၈၇၃အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်၏ ဧရိယာ(၀.၁၁၀)ဧကအနက်မှ ဧရိယာ(၀.၀၅၅)ဧကအား ဦးမဟော့ရှ်ကူးမားရ်၊၁၃/လရန(နိုင်) ၀၈၄၈၇၃မှ စာချုပ်အမှတ်(၁၂၃၊/၂၀၂၆)ဖြင့် ဦးဗီနိုသ် ၁၃/လရန(နိုင်)၀၉၇၉၅၅ ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဦးပိုင် ခွဲစိတ်ခွင့်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ(၂၁)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးဗီနိုသ်၏ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၆၂-က/တရုတ်ဘုရားကျောင်း)၊ ဦးပိုင်အမှတ်(၉၆)၊ ဧရိယာ(၀.၀၄၉) ဧက၊ မြေငှားဂရန်အမှတ်အမှတ်၊၂၁၁-၅/၂၀၁၄-၂၀၁၅(အေ)၊ ဒေါ်မီးရွှင် ၁၃/လရန(နိုင်)၀၇၆၁၆၆ အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်အား ဒေါ်မီးရွှင်မှ ရောင်း/ဝယ်စာချုပ်(၁၂၀၊/၂၀၂၆)ဖြင့် ဦးတင်ထွန်းအောင်၊ ၁၃/လရန(နိုင်)၂၁၇၃၉၁ ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဦးတင်ထွန်းအောင်အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးတင်ထွန်းအောင်အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်မြေငှားဂရန်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဇေယျာသီရိ ဘုန်းတော်ကြီးကျောင်း Grade-1 မှ မောင်မင်းရွှေခေတ်၏ ဖခင်အမည်မှန်မှာ ဦးလှဝေ ၈/ပခက(နိုင်)၂၂၅၂၃၉ ဖြစ်ပါကြောင်း။

**ဦးလှဝေ**

## ဖခင်အမည်မှန်

မြင်းခြံမြို့၊ အမှတ် (၄)၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းဝင်အမှတ် က -၀၁၀၄ မောင်ဒီရှိုင်းမင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း(ခ)ဦးဝင်း (၉/နထက(နိုင်)၁၄၈၀၂၀) ဖြစ်ပါကြောင်း။

**ဦးမောင်ဝင်း(ခ)ဦးဝင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ညောင်လေးပင်ခရိုင်၊ ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်း (အ.ထ.က)Grade-10 တွင် ပညာသင်ကြားနေသော မအိမ့်မှူးခင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းလွင် (၇/ကတခ(နိုင်) ၀၉၈၁၈၇) ဖြစ်ပါကြောင်း။

**ဦးကျော်မင်းလွင်**
**(၇/ကတခ(နိုင်)၀၉၈၁၈၇)**

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ လက်ပံတုန်း အထက(ခွဲ) Grade-12 တွင် ပညာသင်ကြားနေသော မောင်အောင်တင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၈/အလန(နိုင်)၁၆၃၄၀၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ ရတနာသုခ(၂)လမ်း၊ မြေကွက်အမှတ် (၁၆၁၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ (၁) ဦးမြတ်အေး (၁၂/ပဘတ (နိုင်) ၀၂၅၁၂၅) နှင့် (၂) ဒေါ်ကြည်ကြည်ထွန်း(ခ)ခင်ခင်နွဲ့ (၁၂/ပဘတ (နိုင်) ၀၀၅၂၈၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်များဖြစ်သော (၁) ဦးမြတ်အေး နှင့် (၂) ဒေါ်ကြည်ကြည်ထွန်း(ခ)ခင်ခင်နွဲ့တို့ထံမှ ကျွန်ုပ်မ ဒေါ်မိုးစန္ဒာ (၁၄/အမန (နိုင်) ၀၀၁၇၉၀)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိုးစန္ဒာ (၁၄/အမန (နိုင်) ၀၀၁၇၉၀)
၀၉- ၄၂၇ ၃၃၅ ၅၃၃

## သွလာ(ဂ်)ပေးကွာရှင်းပြီးဖြစ်ကြောင်း မကေခိုင်မောင်မောင်(ခ)ယာစမင်းနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မောင်တင်ကိုကိုလွင်(ခ)စူလေမန် (၁၂/သကတ(နိုင်)၁၉၁၆၅၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မောင်တင်ကိုကိုလွင်(ခ)စူလေမန်နှင့် မကေခိုင်မောင်မောင်(ခ)ယာစမင်းတို့သည် (၄-၃-၂၀၂၂) ရက်တွင် လက်ထပ်ထိမ်းမြားခဲ့ပါသည်။ သို့ရာတွင် မကေခိုင်မောင်မောင်မှ အိမ်ထောင်သက်တမ်းအတွင်း ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို ဆောင်ရွက်ခဲ့သဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အစ္စလာမ့်တရားတော်နှင့်အညီ သွလာ(ဂ်)ပေး နှစ်ဦးသဘောတူ ကွာရှင်းစာချုပ်၌ လက်မှတ်ရေးထိုးပေးခဲ့ပါသည်။ ထိုသို့ လက်မှတ်ရေးထိုးပေးခဲ့သည့်အပေါ် အစ္စလာမ့်ရှရီအသ် တရားတော်အရ အတည်ဖြစ်ကြောင်း မြန်မာမွတ်စလင်မ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်မှ (၂၈-၁၁-၂၀၂၅)ရက်စွဲပါ စာအမှတ်- ၂၂၀/မေသ၊နိုဝင်ဘာလ/ ၂၀၂၅-ခုနှစ်/မမသဖ စာအရ လင်ခန်းမယားခန်း ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၅၅၇၆၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၅၈)၊ မြေညီထပ်၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉- ၅၀၆၄၉၅၉၊ ၀၉- ၅၀၈၈၆၀၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၁)၊ ဂျိုင်းမြစ်လမ်း၊ မြေကွက်အမှတ် (၆၁၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ) ရှိ ဦးလွင်စိုး (၁၂/တမန (နိုင်)၀၇၉၈၉၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မြင့် (၁၃/လရန (နိုင်) ၁၃၉၉၄၀) ထံမှ ကျွန်မ ဒေါ်မြတ်မွန်အေး (၉/သေရ (နိုင်) ၀၀၂၂၃၁)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြတ်မွန်အေး (၉/သေရ (နိုင်) ၀၀၂၂၃၁)
၀၉- ၉၄၅ ၉၁၅ ၅၆၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)
## ကြော်ငြာစာ

၁။ (၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ် ခွဲဝေချထားပေးသော သာမန်အသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ လာရောက်ကုသသည့် လူနာများအတွက် FDA အသိအမှတ်ပြု အခြေခံဆေးဝါးများ၊ Speciality ဆေးဝါးများ၊ ခွတ်ခွဲခန်းနှင့် ခွတ်မှန်ခန်းသုံး ဆေးပစ္စည်းများနှင့် Oxygen / Liquid Oxygen အပါအဝင် Consumable များနှင့် Consumables For Speciality များကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ရန် ကြော်ငြာအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်နှင့်အချိန်** - (၁-၆-၂၀၂၆)ရက် (တနင်္လာနေ့)နံနက်(၉:၀၀)နာရီ

**တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** - (၁-၇-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) ညနေ(၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၈၈၂၂၅၅၈၃၃ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

